မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်၊ ၂၀၀၈ ခုနှစ်၊ အောက်တိုဘာ ၂၃ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၈)၊ အမှတ်(၂၃)

သိပ္ပံ တော် မင်္ဂလ မုတ္တမံ

လက်မှုစက်မှုပညာ တတ်မြောက်ခြင်းသည် မြတ်သော မင်္ဂလာမည်၏။

တောင်ဥက္ကလာပနှင့် သာကေတစက်မှုဇုန်တို့ရှိစက်ရုံများ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကြည့်ရှုစစ်ဆေး

အထည်ချုပ်လုပ်မှုစက်ရုံ

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ သာကေတမြို့နယ် သာကေတ စက်မှုဇုန်ရှိ Jewoo Manufacturing Co., Ltd. ၏ အထည်ချုပ်လုပ်မှု စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရန်ကုန် အောက်တိုဘာ ၂၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် လိုက်ပါလျက် ယနေ့ မွန်းလွဲ ၂နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် အမှတ်(၈)ရပ်ကွက် စက်မှုဇုန် ၃လမ်းရှိ တောင်ဥက္ကလာပမြို့နယ် စက်မှုဇုန်သို့ရောက်ရှိပြီး စက်မှုဇုန်၏ ကုန်ထုတ်လုပ်မှုအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် သာကေတမြို့နယ် စက်မှုလက်မှုရပ်ကွက် မြမာလာလမ်း သာကေတစက်မှုဇုန် ရန်နိုင်ဆွေ ၂လမ်းရှိ Grand Wynn Manufacturing Ltd. ၏ Twin Brothers Seafood Cold Storage ၏ ငါး၊ ပုစွန်ထုတ်လုပ်မှုစက်ရုံ၊ မြမာလာလမ်းရှိ Jewoo Manufacturing Co., Ltd. ၏ အထည်ချုပ်လုပ်မှုစက်ရုံတို့သို့ သွားရောက်၍ ကုန်ပစ္စည်းများထုတ်လုပ်မှုအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

သာကေတမြို့နယ် သာကေတစက်မှုဇုန်ရှိ Jewoo Manufacturing Co., Ltd. ၏ အထည်ချုပ်လုပ်မှုစက်ရုံကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော် (၂၀၀၈ ခုနှစ် အောက်တိုဘာ ၂၃ ရက်)

မိခင်နှင့်ကလေးကျန်းမာရေးလုပ်ငန်း အလေးထား

နိုင်ငံတော်အစိုးရသည် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး ရည်မှန်းချက်အောင်မြင်စေရန် အမျိုးသားကျန်းမာရေးကော်မတီက ဦးဆောင်အကောင်အထည် ဖော်လျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် အမျိုးသားကျန်းမာရေးကော်မတီ၏ ဦးဆောင်မှုဖြင့် စီမံကိန်း စီမံချက်များရေးဆွဲ၍ ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၌ မိခင်များ၊ မွေးကင်းစနှင့် တစ်နှစ်အောက်ကလေးများအပါအဝင် ကလေးများရောဂါဖြစ်ပွားမှု၊ သေဆုံးမှု လျှော့ချနိုင်ရန်ရည်ရွယ်၍ မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဦးစားပေးကဏ္ဍတစ်ရပ်အဖြစ် သတ်မှတ်ဖော်ဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ်မွေးဖွားသော ကိုယ်ဝန်ဆောင်မိခင်ပေါင်း ၁ ဒသမ ၃သန်းခန့်ရှိသည်။ ထို့ကြောင့် မိခင်များနှင့် မွေးစကလေးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အရည်အသွေးတိုးတက်ကောင်းမွန်ရန် အန္တရာယ်ကင်းသော မိခင်ဘဝရရှိရေးကို ဦးစားပေးလုပ်ကိုင်လျက်ရှိသည်။

မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် မြို့ပြနှင့် ကျေးလက်ဒေသအသီးသီးရှိ ကျန်းမာရေးဌာနများသည် ပင်မလုပ်ငန်းအဖြစ် စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် သမားရိုးကျမိခင်၊ မွေးစကလေးနှင့် ကလေးများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ၁၉၈၈ ခုနှစ်နောက်ပိုင်း ပြောင်းလဲလာသော လူမှုစီးပွားနှင့်အညီ ပြီးပြည့်စုံသော မျိုးဆက်ပွား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဘဝလွှမ်းခြုံ ချဉ်းကပ်နည်းဖြင့် ကြိုးပမ်းလျက်ရှိပေသည်။

သို့ဖြစ်ရာ ကျန်းမာရေးနှီးနွှယ်သော ထောင်စုနှစ်ဖွံ့ဖြိုးရေးတွင် ရည်မှန်းချက်ပန်းတိုင်ရောက်ရန် မိခင်နှင့်ကလေး ကျန်းမာရေးလုပ်ငန်းသည် အဓိကကျသောအခန်းမှ ပါဝင်လျက်ရှိရာ တိုင်းရင်းသားပြည်သူများက တစ်တပ်တစ်အားဝိုင်းဝန်းဖော်ဆောင်သွားရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဓာတုနှင့်ကုန်ထုတ်ဓာတုဗေဒ ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် အောက်တိုဘာ ၂၂

ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ဓာတုဗေဒနှင့်ကုန်ထုတ်ဓာတုဗေဒ အဓိကကျောင်းသားဟောင်းများ (၁၉၆၇မှ ၁၉၇၂)၏ ပဉ္စမအကြိမ်မြောက်အာစရိယပူဇော်ပွဲကို ယခုနှစ် ဒီဇင်ဘာ ၂၁ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီမှ ၁၂နာရီအထိ တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည် ဖြစ်သည်။

ပါဝင်လှူဒါန်းလိုပါက ဒေါ်လေးကြူ ပါမောက္ခ(ငြိမ်း) ဖုန်း-၃၈၅၈၁၆၊ ဒေါ်အေးညွန့်ကြည် ဖုန်း- ၅၅၉၉၈၀၊ ၅၃၅၀၅၈၊ ဦးဉာဏ်ရှိန် ဖုန်း-၅၃၈၂၉၅၊ ဗိုလ်မှူးကြီးကိုကိုကျော်(ငြိမ်း) ဖုန်း-၀၁-၅၀၁၄၃၂၊ ဦးမိုက်ကယ်သန်းအောင်(ခ)ဦးစိန်ဝင်း ဖုန်း-၀၁-၆၆၄၃၁၂၊ ဦးဖေဝင်း ဖုန်း-၃၈၁၀၃၈၊ ၀၉-၈၀-၂၄၃၃၁၊ ဒေါ်သိင်္ဂီကြည် ဖုန်း- ၅၄၆၇၈၀၊ ၀၉-၅၀-၃၀၁၀၀၊ ဦးကျော်ဝင်း ဖုန်း-၂၉၈၉၉၆ နှင့် ဒေါ်စန်းစန်းဝင်း ဖုန်း-၆၂၉၀၄၃၊ ၂၉၈၉၉၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၃-၁၀-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ အမျိုးသားရေးတေးကဗျာ
၄း၃၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅း၁၀ ၇။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၂၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၂။ ကာတွန်းအစီအစဉ် **ကျားကလေးရဲ့မွေးရပ်မြေ** (အပိုင်း-၄၁)
၆း၄၅ ၁၃။ လျှပ်တစ်ပြက်
၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံမဏိစိတ်ဓာတ်** (အပိုင်း-၁၅)
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ အနုပညာရှင်၏တစ်နေ့တာ
၁၉။ မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ
၂၀။ ကုန်သွယ်သုတ
၂၁။ မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှင်းတောင်သူရဲကောင်း** (အပိုင်း-၄၀)(ဇာတ်သိမ်းပိုင်း)

နယ်စပ်/စည်ပင်ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် လပွတ္တာမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် လပွတ္တာမြို့နယ် ကညင်ကွင်းကျေးရွာတွင် ဆောက်လုပ်လျက်ရှိသောလူနေအိမ်များကို ကြည့်ရှုစစ်ဆေးစဉ်။ (နယ်စပ်/စည်ပင်)

ရန်ကုန် အောက်တိုဘာ ၂၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် အောက်တိုဘာ ၁၉ရက် ညနေ ၃နာရီက လပွတ္တာမြို့ ဘုရင့်နောင်ရိပ်သာ၌ ကျင်းပသည့် လပွတ္တာမြို့နယ်အတွင်း ကျေးလက်အိမ်ရာဆောက်လုပ်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

တင်ပြ

ဝန်ကြီးသည် အောက်တိုဘာ ၂၀ရက် နံနက်ပိုင်းတွင် လပွတ္တာမြို့နယ် ကညင်ကွင်းကျေးရွာသို့ရောက်ရှိရာ ကျေးရွာ ရှင်းလင်းဆောင်၌ မြန်မာ့အလှုကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာဦးကျော်ခိုင်က ကညင်ကွင်းကျေးရွာ၌ တည်ဆောက်ပေးလျက်ရှိသော လူနေအိမ် ၇၁လုံး တည်ဆောက်ပြီးစီးမှု အခြေအနေများကို တင်ပြသည်။

ထို့နောက် ဝန်ကြီးသည် ကညင်ကွင်းကျေးရွာတွင် ဆောက်လုပ်လျက်ရှိသော လူနေအိမ်များကို ကြည့်ရှုစစ်ဆေးသည်။ လွှစာကျေးရွာ မူလတန်းကျောင်း၌ မြန်မာ့အလှုကုမ္ပဏီမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် တွေ့ဆုံသည်။

စစ်ဆေး

ယင်းနောက် ဝန်ကြီးသည် မြန်မာ့အလှုကုမ္ပဏီမှ တည်ဆောက်လျက်ရှိသော အမြဲတမ်း လူနေအိမ်ရာ ၉၁လုံး တည်ဆောက်ပြီးစီးမှု အခြေအနေများကို လိုက်လံစစ်ဆေးပြီး လပွတ္တာမြို့သို့ ပြန်လည်ရောက်ရှိသည်။

ဆက်လက်၍ ဝန်ကြီးသည် လပွတ္တာခရိုင်နှင့် မြို့နယ်တို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအားလည်းကောင်း၊ လပွတ္တာမြို့နယ်အတွင်းရှိ ဆားလုပ်ငန်းရှင်များအားလည်းကောင်း တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကိုရီးယား ကုန်စည်ပြပွဲတက်ရောက်ရန် မန္တလေးတိုင်း ကုန်သည်/စက်မှုအဖွဲ့ ထွက်ခွာ

ရန်ကုန် အောက်တိုဘာ ၂၂

ကိုရီးယားသမ္မတနိုင်ငံ Inchean မြို့၌ အောက်တိုဘာ ၂၁ရက်မှ ၂၄ရက်အထိ ကျင်းပသည့် Inchean Autoparts and Accessories Show 2008 သို့ တက်ရောက်ရန် မန္တလေးတိုင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုဟိုအလုပ်အမှုဆောင် ပြည်ပဆက်ဆံရေးတာဝန်ခံ ဦးကျော်မင်း(စိန်နှင့်မြ) ဦးဆောင်၍ အဖွဲ့ဝင် ဦးမြင့်ဆွေ (မန်းစတား ကားထုတ်လုပ်ရေး)၊ ဦးကိုကိုဦး(မြစ်ကြီးနား ကားထုတ်လုပ်ရေး)၊ ဦးငွေမြင့်ဦး(စက်မှုလက်မှုလုပ်ငန်း)၊ ဦးစိုးနိုင်(ကားပစ္စည်းရောင်းဝယ်ရေး)တို့ ပါဝင်သည့်အဖွဲ့သည် အောက်တိုဘာ ၂၀ရက် ညနေပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားခဲ့ကြသည်။ (ဝဲပုံ) (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် ငဖဲမြို့နယ် နတ်ရေကန်တောင်ဒေသရှိ နတ်ရေကန် ကော်ဖီခြံတွင် ကော်ဖီနှင့် စမ်းသပ်စိုက်ပျိုးထားသည့် လက်ဖက်ပင်များ စိုက်ပျိုးအောင်မြင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သစ်တော)

ပညာရှိသည် သတိဖြင့် အမြဲကြည့်၏

ပညာရှိတို့သည် မမေ့မလျော့သော သတိတရား လက်ကိုင်ထားခြင်းဖြင့် စိုးရိမ်ကြောင့်ကြမှုကင်းသည်။ ထို့အပြင် သူမိုက်တို့၏အပြစ်ကိုပင် တွေ့မြင်ပါက ဆင်ခြင်သုံးသပ် ပြုပြင်ပေးလေ့ရှိသည်။

(ဓမ္မပဒ - ၂၈)

◆ ကျောဖုံးမှ

ရှင်းလင်းပြသ

ဝန်ကြီးနှင့် အဖွဲ့သည် အောက်တိုဘာ ၁၈ ရက်တွင် ငဖဲမြို့နယ် နတ်ရေကန် တောင်ဒေသရှိ မြန်မာ့စက်မှု သီးနှံဖွံ့ဖြိုးရေးလုပ်ငန်း၊ နှစ်ရှည်ပင်နှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ နတ်ရေကန် ကော်ဖီခြံသို့ ရောက်ရှိပြီး ကော်ဖီနှင့် စမ်းသပ်စိုက်ပျိုးထားသည့် လက်ဖက်ပင်များ စိုက်ပျိုးအောင်မြင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက လိုက်လံ ရှင်းလင်းပြသသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် နတ်ရေကန်တောင်ဒေသ မန်းကြိုးဝိုင်းအတွင်းရှိ သစ်တောဦးစီးဌာန၏လက်ဖက်စိုက်ခင်း စမ်းသပ်ကွက်သို့ ရောက်ရှိရာ သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်မြတ်သိန်းနှင့်လက်ထောက်ညွှန်ကြားရေးမှူးဦးကျော်ဝင်းတို့က လက်ဖက်စမ်းသပ်စိုက်ခင်း တစ်ဧက စိုက်ပျိုးထားရှိမှုနှင့် ရေ၊ မြေ၊ ရာသီဥတုကိုက်ညီမှု အခြေအနေများကို ရှင်းလင်းတင်ပြ၍ သစ်တောဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်က ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လက်ဖက်စမ်းသပ်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးကာ နတ်ရေကန်တောင်ဒေသ၌ လာမည့်နှစ်တွင် လက်ဖက်စိုက်ပျိုးကြမည့်လုပ်ငန်းရှင်များအား လက်ဖက်စိုက်ပျိုးရန် ရေ၊ မြေ၊ ရာသီဥတုလိုအပ်သော အခြေအနေများ၊ စီးပွားရေးအခွင့်အလမ်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် နတ်ရေကန်တောင်ဒေသတွင် လာမည့်နှစ်၌ လက်ဖက်စိုက်ပျိုးအကောင်အထည်ဖော်မည့် မြေနေရာများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များအား လိုအပ်သည်များကို မှာကြားသည်။

မကွေးတိုင်း ငဖဲမြို့နယ် နတ်ရေကန်တောင်ဒေသသည် လက်ဖက်စိုက်ပျိုးရန် ရေ၊ မြေ၊ ရာသီဥတုနှင့် ကိုက်ညီပြီး ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ဒေသ၊ မကွေးတိုင်း၊ ရခိုင်ပြည်နယ်တို့ရှိ လက်ဖက်ဈေးကွက်များသို့ လွယ်လင့်တကူ ပို့ဆောင်ဖြန့်ဖြူးနိုင်သည့် နေရာဒေသကောင်းဖြစ်ကြောင်း သိရှိရသည်။ ၄င်းဒေသ၌ လာမည့်နှစ်တွင် လက်ဖက်ဧက ၂၀၀၀ကို သစ်တောရေးရာဝန်ကြီးဌာန အစီအမံဖြင့် လုပ်ငန်းရှင်များက အကောင်အထည်ဖော်ဆောင်ရွက်ကြမည် ဖြစ်သည်။ ဒေသခံလက်ဖက်စိုက်ပျိုး လုပ်ကိုင်လိုသူများအနေဖြင့် သက်ဆိုင်ရာ သစ်တောဦးစီးဌာနနှင့် ဆက်သွယ်ပါက စိုက်ပျိုးရန်မြေ၊ လိုအပ်သည့် နည်းပညာများကို ပံ့ပိုးကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

လက်ဖက်

ဝန်ကြီးနှင့် တာဝန်ရှိသူများသည် အောက်တိုဘာ ၁၉ ရက်တွင် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ဥယျာဉ်ဒေသ သစ်တောဦးစီးဌာန၏ လက်ဖက်စံပြ စိုက်ခင်းတစ်ဧကသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်ထွန်းက လက်ဖက်ပင်များ စမ်းသပ်စိုက်ပျိုးထားမှု၊ ရေသွယ်တန်းရရှိမှု၊ ရေ၊ မြေ၊ ရာသီဥတုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လက်ဖက်စမ်းသပ်စိုက်ပျိုးထားရှိမှု၊ ရေဆူစခန်းအတွင်းရှိ လက်ဖက်ပျိုးဥယျာဉ်အတွင်း ပျိုးထောင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကာ ဒေသခံများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားသည်။

စိုက်ပျိုးမည်

ပုပ္ပားတောင်ဥယျာဉ်ဒေသသည်လည်း လက်ဖက်စိုက်ပျိုးရန်အတွက် သင့်တော်သော ရေ၊ မြေ၊ ရာသီဥတုရှိပြီး လာမည့်နှစ်တွင် ပုဂ္ဂလိကလုပ်ငန်းရှင်များက ရသမျှမြေဖြင့် စိုက်ပျိုးသွားမည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ သစ်တောရေးရာ ဝန်ကြီးဌာနသည် ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ညှိနှိုင်းပေါင်းစပ်ကာ မကွေးတိုင်း ငဖဲမြို့နယ် နတ်ရေကန်တောင်ဒေသနှင့်မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ဥယျာဉ်ဒေသများတွင် နှစ်စဉ်လက်ဖက်စိုက်ပျိုးရေးကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် ပုပ္ပားတောင် ဥယျာဉ် လက်ဖက်စံပြ စိုက်ခင်းတွင် လက်ဖက်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ငါး၊ ပုစွန်ထုတ်လုပ်မှုစက်ရုံ

အောက်တိုဘာ ၂၂ရက်က သာကေတမြို့နယ် သာကေတစက်မှုဇုန်ရှိ Grand Wynn Manufacturing Ltd. ၏ Twin Brothers Seafood Cold Storage၏ ငါး၊ ပုစွန်ထုတ်လုပ်မှု စက်ရုံတွင် ဝန်ထမ်းများ လုပ်ငန်း ဆောင်ရွက်နေကြစဉ်။ (သတင်းရှေ့ဖုံး) (သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်များ မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၈ ခုနှစ် အောက်တိုဘာလအတွက်
နောက်ဆုံးပတ်(တနင်္ဂနွေနေ့)
(၂၆-၁၀-၂၀၀၈)ရက်နေ့
၂၀၀၈ ခုနှစ် နိုဝင်ဘာလအတွက်
(၉-၁၁-၂၀၀၈)ရက်နေ့
နှင့်
(၃၀-၁၁-၂၀၀၈)ရက်နေ့

စာရင်းစစ်မှူးများ လုပ်ငန်းခွင် ကျွမ်းကျင်မှုသင်တန်းဖွင့်

နေပြည်တော် အောက်တိုဘာ ၂၂

စာရင်းစစ်မှူးများလုပ်ငန်းခွင် ကျွမ်းကျင်မှုသင်တန်းအမှတ်စဉ်(၁၉) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း၌ ကျင်းပရာ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

နှစ်လခန့်ကြာမြင့်

အဆိုပါသင်တန်းဖွင့်ပွဲသို့ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းကျောင်းမှ တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသား သင်တန်းသူ ၇၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ နှစ်လခန့် ကြာမြင့်မည်ဖြစ်သည်။

ဖွင့်လှစ်သွားမည်

အစိုးရဌာနအဖွဲ့အစည်းများမှ ဝန်ထမ်းများအတွက် ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့် သင်တန်းများ၊ စာရင်းစစ်ချုပ်ရုံးမှ စာရင်းစစ်မှူးများအတွက် လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းများကို နေပြည်တော်ရှိ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း၌ ဆက်လက် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

23-10 (03).pmd 1 10/23/2008, 1:41 AM

အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်များအား အီရတ်၌ ဆန့်ကျင်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွား

ဘဂ္ဂဒက်နှင့် မိုဆူးလ်မြို့တို့၌ ဗုံးများပေါက်ကွဲ

ဘဂ္ဂဒက် အောက်တိုဘာ ၂၂

အီရတ်နိုင်ငံအတွင်း အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်များနှင့် ၄င်းတို့ထောက်ခံသော အစိုးရအဖွဲ့အား ဆန့်ကျင်တိုက်ခိုက်မှုများမှာ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။ အောက်တိုဘာ ၂၀ရက်က ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများ၌ ၂၈ဦးသေဆုံးပြီး ၁၆ဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြပါရှိသည်။

စစ်ဆေးမေးမြန်း

ဖလူးဂျာဒေသ၌ လူသေအလောင်း ၁၀လောင်းမြှုပ်နှံထားသည်ကို ရဲတပ်ဖွဲ့က ရှာဖွေတွေ့ရှိခဲ့ပြီးနောက် သတင်းပေးပို့သူအား စစ်ဆေးမေးမြန်းမှုများ ပြုလုပ်လျက်ရှိသည်။ သေဆုံးသူအားလုံးမှာ သေနတ်ဒဏ်ရာများဖြင့် သေဆုံးလျက်ရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘဂ္ဂဒက်မြို့ ဖာဒီလာရာဒေသ၌လည်း နှစ်ထပ်ကားတစ်စီးကို ဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် နှစ်ဦးသေဆုံးပြီး ခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိသွားခဲ့သည်။ ထို့ပြင် ဘဂ္ဂဒက် မြို့လယ်၌လည်း ဗုံးတစ်လုံးထပ်မံပေါက်ကွဲခဲ့ရာ နှစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိသွားခဲ့သည်။ ဘဂ္ဂဒက်မြို့အတွင်း၌ အီရတ်တပ်ဖွဲ့ဝင်များနှင့် အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့ဝင်များက အကြမ်းဖက်သမားများဟု သံသယရှိသူ ၃၀အား ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

လမ်းဘေးဗုံးပေါက်ကွဲ

မိုဆူးလ်မြို့၌ လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် မိသားစုဝင်ခြောက်ဦး ဒဏ်ရာရရှိသွားခဲ့သည်။ ယင်းပေါက်ကွဲမှုဖြစ်ပွားပြီး မကြာမီ လမ်းဘေးဗုံးတစ်လုံး ထပ်မံပေါက်ကွဲရာ တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိသွားခဲ့သည်။ ဘာကူဘာမြို့တွင်လည်း အယ်လ်ခိုင်ဒါအကြမ်းဖက်အဖွဲ့အတွက် လုပ်ဆောင်ပေးနေသည့် သံသယရှိသူသုံးဦးအား အီရတ်ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း ဘာကူဘာပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

အိန္ဒိယ–ပါကစ္စတန်နယ်စပ် ကုန်သွယ်ရေး ကက်ရှ်မီးယားဒေသ၌ ပြန်လည်ဖွင့်လှစ်

အစ္စလမ္မာဘတ် အောက်တိုဘာ ၂၂

အိန္ဒိယနှင့်ပါကစ္စတန် ပိုင်ဆိုင်မှု အငြင်းပွားလျက်ရှိသည့် ကက်ရှ်မီးယားဒေသ၌ အောက်တိုဘာ ၂၁ရက်က အိန္ဒိယ-ပါကစ္စတန် နယ်စပ်ကုန်သွယ်ရေးကို ပြန်လည်ဖွင့်လှစ်လိုက်ပြီ ဖြစ်သည်။(အပေါ်ပုံ)

စတင်ဖွင့်လှစ်

ယင်းမှာ နှစ်နိုင်ငံအကြား တင်းမာမှုများ လျော့နည်းလာသည့်အတွက် ဖြစ်ကြောင်း၊ နှစ်နိုင်ငံ ပူးပေါင်းအဖွဲ့များ အနေဖြင့် ပို့ကုန်၊ သွင်းကုန်များကို ကားများဖြင့် ပို့ဆောင်ကြမည်ဖြစ်ကြောင်း၊ စတင်ဖွင့်လှစ်သည့် နှစ်ပတ်အတွင်း ပို့ကုန်၊သွင်းကုန်များပေါ်၌ အခွန်ကောက်ခံမည်မဟုတ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

သဘောတူညီ

ပြီးခဲ့သည့် သီတင်းပတ်က အမေရိကန်နိုင်ငံ နယူးယောက်မြို့တော်၌ ပါကစ္စတန်သမ္မတနှင့် အိန္ဒိယဝန်ကြီးချုပ်တို့ တွေ့ဆုံဆွေးနွေးခဲ့စဉ် ကက်ရှ်မီးယားဒေသ ကုန်သွယ်ရေး ပြန်လည်ပြုလုပ်ရန် သဘောတူညီခဲ့ကြခြင်း ဖြစ်သည်။ (အင်တာနက်)

အီရတ်နိုင်ငံ မိုဆူးလ်မြို့၌ လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသွားသည့် အမျိုးသမီးတစ်ဦးအား ဆေးရုံသို့တင်ပို့ရန် ပွေ့ချီလာသည်ကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အမေရိကန်တပ်များ ထပ်မံတပ်စွဲရေးစာချုပ် အီရတ်ဝန်ကြီးအဖွဲ့ ပြောင်းလဲရန် ကြိုးစား

ဘဂ္ဂဒက် အောက်တိုဘာ ၂၂

အီရတ်နိုင်ငံတွင် အမေရိကန်တပ်များ ၂၀၁၁ခုနှစ်အထိ တပ်စွဲနေထိုင်ခြင်းကို ခွင့်ပြုနိုင်မည့် သဘောတူညီချက်မူကြမ်းအား ပြောင်းလဲပစ်ရန် အီရတ်အစိုးရအဖွဲ့က တောင်းဆိုလိုက်သည်။

ဆွေးနွေး

အမေရိကန်နှင့် အီရတ်အစိုးရတို့အကြား လအတန်ကြာ ဆွေးနွေးခဲ့ကြပြီးနောက် လွန်ခဲ့သောသီတင်းပတ်က ယင်းမူကြမ်းကို အစိုးရအဖွဲ့သို့ တင်ပြခဲ့သည်။

သဘောတူညီ

အမေရိကန်တို့အနေဖြင့် ယင်းကိစ္စနှင့်စပ်လျဉ်း၍ စေ့စပ်ညှိနှိုင်းမှုပြုလုပ်သွားရန် ဆန္ဒရှိနေသည်။ အီရတ်အစိုးရအနေဖြင့် ယင်းမူကြမ်းကို ပါလီမန်ရွေးကောက်ပွဲမတိုင်မီ သဘောတူညီရမည်ဖြစ်သည်။ သို့သော် အဓိကပါတီကြီးနှစ်ခုက ယင်းသဘောတူညီချက်မူကြမ်းကို မထောက်ခံလိုဟုဆိုကြသည်။

တပ်ဖြန့်ချထား

လက်ရှိ ကုလသမဂ္ဂက အမေရိကန်တပ်များအား အီရတ်နိုင်ငံ၏ အုပ်ချုပ်ပိုင်ခွင့်ကို ယခုနှစ်ကုန်အထိသာ သတ်မှတ်ခွင့်ပြုထားသည်။ အီရတ်နိုင်ငံ၌ နိုင်ငံခြားတပ်ဖွဲ့ဝင် ၁၅၈၂၀၀ရှိရာတွင် အမေရိကန်တပ်ဖွဲ့ဝင် ၁၄၄၀၀၀ ပါဝင်သည်။ **(အင်တာနက်)**

အီရန်အနေဖြင့် ငြိမ်းချမ်းစွာ နျူကလီးယားစွမ်းအင်သုံးစွဲခွင့်ရှိ

ရုရှားသမ္မတ အခိုင်အမာပြောကြား

ဒမတ်စကတ် အောက်တိုဘာ ၂၂

အီရန်နိုင်ငံအနေဖြင့် နျူကလီးယားအစီအစဉ်ကို ငြိမ်းချမ်းစွာ အသုံးပြုရန် အခွင့်အရေးရှိကြောင်း ဆီးရီးယားသို့ အလည်အပတ်ရောက်ရှိနေသော ရုရှားသမ္မတ ထရိုင်ယန်ဘာဆက်ကူက ပြောကြားလိုက်သည်။

စစ်ရေးအတွက် မဟုတ်သော နျူကလီးယားအစီအစဉ်ကို နိုင်ငံတိုင်း ဖော်ဆောင်ခွင့်ရှိသည်မှာ သဘာဝကျသော အခွင့်အရေးဖြစ်ကြောင်း၊ အီရန်နိုင်ငံအား ခြွင်းချက်အနေဖြင့် မထားသင့်ကြောင်း မိမိတို့သည် အီရန်၏နျူကလီးယား အစီအစဉ်နှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ကြကြောင်း ဆီးရီးယားမြို့တော် ဒမတ်စကတ်သို့ ရောက်ရှိနေသော ဘာဆက်ကူက အောက်တိုဘာ ၂၀ရက်၌ ပြောကြားသည်။

အီရန်နိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံအသိုင်းအဝိုင်းနှင့် ပိုမိုတုံ့ပြန်ဖလှယ်မှုများ ပြုလုပ်သကဲ့သို့ နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ၄င်း၏ နျူကလီးယားကို ငြိမ်းချမ်းစွာ အသုံးပြုရေးစီမံကိန်းနှင့်ပတ်သက်၍ အနောက်နိုင်ငံများ၏ အခြေအမြစ်မရှိသည့် နျူကလီးယား အစီအစဉ် ဖျက်သိမ်းရေး တောင်းဆိုချက်ကို ဖယ်ရှားရန် ဘာဆက်ကူက အီရန်နိုင်ငံအား တိုက်တွန်းခဲ့သည်။

သုံးသပ်ဆွေးနွေး

ယင်းအစည်းအဝေးတွင် ရုရှားသမ္မတနှင့် ဆီးရီးယားသမ္မတတို့သည် နှစ်နိုင်ငံနှင့်နိုင်ငံတကာဖွံ့ဖြိုးရေးကိစ္စများကို သုံးသပ်ဆွေးနွေးခဲ့ကြသည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်နိုင်ငံ ဟယ်လ်မန့်ပြည်နယ်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို အောက်တိုဘာ ၂၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရတ်လူမျိုးစုကြီး နှစ်ခုအကြား အကြမ်းဖက်မှုဖြစ်ပွား၍ ၁၅ဦးသေဆုံး

ဘဂ္ဂဒက် အောက်တိုဘာ ၂၂

အီရတ်နိုင်ငံအလယ်ပိုင်း ဘာဘီလ်ပြည်နယ်၌ အောက်တိုဘာ ၂၁ရက်က စစ်သွေးကြွများနှင့် ဆွန်နီလူမျိုးစုများအကြား တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ရာ အနည်းဆုံး၁၅ဦး သေဆုံးသွားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ပြောကြား

ယင်းအကြမ်းဖက် တိုက်ခိုက်မှုသည် အဆိုပါပြည်နယ်ကို အမေရိကန်တပ်များက အီရတ်လုံခြုံရေးတပ်ဖွဲ့သို့ လွှဲပြောင်းပေးခြင်း မတိုင်မီ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

စတင်ဖြစ်ပွား

အဆိုပါ တိုက်ခိုက်မှုသည် ဂျပ်ဖ်အယ်လ်ဆာကာမြို့၌ နှစ်နာရီကြာအောင် ဆက်လက်ဖြစ်ပွားခဲ့သည်။ စစ်သွေးကြွများသည် ပြီးခဲ့သည့်နှစ်က အယ်လ်ခေဒါဆန့်ကျင်ရေးအတွက် ဖွဲ့စည်းထားသော ဆွန်နီလူမျိုးစုအဖွဲ့ဝင် နှစ်ဦးအား တိုက်ခိုက်ခဲ့ရာမှ စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ကျူးကျော်သိမ်းပိုက်

ဂျပ်ဖ်အယ်လ်ဆာကာမြို့သည် ရှီးယိုက်လူမျိုးစု အများဆုံးနေထိုင်သည့် ဘာဘီလ်နှင့် ဆွန်နီအများစုနေထိုင်ရာ အင်န်ဘာပြည်နယ် အကြားတွင် တည်ရှိသည်။ ယင်းမြို့သည် ၂၀၀၃ ခုနှစ်က အမေရိကန်ဦးဆောင်ကျူးကျော်သိမ်းပိုက်ခဲ့ပြီးနောက် အကြမ်းဖက်မှု ထူပြောသည့် မြို့ဖြစ်သည်။ **(အင်တာနက်)**

ကုန်တင်သင်္ဘောနှစ်စင်း သိရိလင်္ကာ၌ တိုက်ခိုက်မှုခံရ

ကိုလံဘို အောက်တိုဘာ ၂၂

သီရိလင်္ကာနိုင်ငံ မြောက်ပိုင်း ကန်ကာဆန်တာရာမြို့ ကမ်းလွန်ပင်လယ်ပြင်တွင် အောက်တိုဘာ ၂၂ရက် နံနက်ပိုင်းက စစ်ဘေးဒဏ်ခံစားနေရသည့် ပြည်သူများအတွက် ရိက္ခာများ သယ်ဆောင်လာသည့် သင်္ဘောနှစ်စင်းမှာ တမီးလ်ကျားသူပုန်များ၏ တိုက်ခိုက်ခြင်းခံခဲ့ရကြောင်း သီရိလင်္ကာ ကာကွယ်ရေးဌာနက ပြောကြားသည်။

အခင်းဖြစ်ပွားရာသို့ ရေတပ်တပ်ဖွဲ့ဝင်များ ရောက်ရှိလာကြပြီး ကျားသူပုန်များအား ပြန်လည်တိုက်ခိုက်ပြီး သင်္ဘောများအား ပြန်လည်ရယူနိုင်ခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

အီရတ်တွင်သေဆုံးသည့် ကန်တပ်ဖွဲ့ဝင် ၄၁၈၆ဦးရှိပြီ

ဝါရှင်တန် အောက်တိုဘာ ၂၂

အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်များ ၂၀၀၃ခုနှစ် မတ်လက အီရတ်နိုင်ငံသို့ ကျူးကျော်ဝင်ရောက်ပြီးကတည်းက အီရတ်နိုင်ငံတွင် ယနေ့အထိသေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၄၁၈၆ဦး ရှိသွားပြီဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ဖော်ပြ

ယင်းသေဆုံးသူများထဲတွင် စစ်မှုထမ်းအရပ်သား ရှစ်ဦးနှင့် စစ်ဘက်ဝန်ထမ်း ၃၃၈၆ဦးတို့သည် တိုက်ပွဲဖြစ်ပွားစဉ် သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ စာရင်းဇယား၌ ဖော်ပြသည်။

ယင်းနိုင်ငံတွင် သေဆုံးသည့်အခြားနိုင်ငံများမှ တပ်ဖွဲ့ဝင်များမှာ အီတလီတပ်ဖွဲ့ဝင် ၃၃ဦး၊ယူကရိန်း ၁၈ဦး၊ ပိုလန် ၂၁ဦး၊ ဘူဂေးရီးယား ၁၃ဦး၊ စပိန် ၁၁ဦးနှင့် ဒိန်းမတ် ခုနစ်ဦး၊အယ်လ်ဆာဗေဒို ငါးဦး၊ ဆလိုဗက်ကီးယား လေးဦး၊ လတ်ဗီးယား သုံးဦး၊ ဂျော်ဂျီယာသုံးဦး၊ အက်စတိုးနီးယား သုံးဦး၊ နယ်သာလန် သုံးဦး၊ ထိုင်း သုံးဦးနှင့် ရိုမေးနီးယား သုံးဦး၊ ဩစတြေးလျ၊ ဟန်ဂေရီ၊ ကာဇက်စတန်နှင့် တောင်ကိုရီးယားတို့မှ တစ်ဦးစီဖြစ်ကြောင်း သိရသည်။ (အင်တာနက်)

● ကျောဖုံးမှ

ရင်းနှီးကျွမ်းဝင်

မြန်မာလူငယ်လူရွယ်များအား အိုင်တီနည်းပညာများနှင့် ရင်းနှီးကျွမ်းဝင်စေခဲ့သည့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းတို့သည်

"ဒီလိုသေးငယ်တဲ့ Notebook ကွန်ပျူတာလေးတွေဟာ အရွယ်အစား သေးပေမယ့် စွမ်းဆောင်ရည် မြင့်မားပါတယ်၊ ဒါကြောင့်ဟာ့ဒ်ဝဲလ်ပိုင်းကို ကျွမ်းကျင်စွာ တတ်မြောက်ထားဖို့ လိုပါတယ်"

ကိုထွန်းထွန်းအောင်
(မန်နေဂျင်းဒါရိုက်တာ)

ပေါင်းကူးတံတားသဖွယ် ဖြစ်စေခဲ့သည်။ ယင်းမြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်း တည်ထောင်ခဲ့သည်မှာ (၁၀)နှစ်ပင် ပြည့်မြောက်ခဲ့ပြီဖြစ်၍ မကြာမီကာလအတွင်း (၁၀)နှစ်မြောက် အထိမ်းအမှတ် အခမ်းအနားအဖြစ် သတင်းအချက်အလက်နှင့် နည်းပညာပြပွဲတစ်ရပ်ကို ရန်ကုန်မြို့၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့အလင်း သတင်းအဖွဲ့သည် အဆိုပါအိုင်တီနည်းပညာပြပွဲတွင် ပါဝင်ခင်းကျင်းပြသမည့်ကုမ္ပဏီတစ်ခုဖြစ်သည့် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ၁၃လမ်းရှိ Golden Power Technology ကုမ္ပဏီသို့ သွားရောက်ကာ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

အထူးအစီအစဉ်

ရှေးဦးစွာ အဆိုပါကုမ္ပဏီမှ မန်နေဂျင်း ဒါရိုက်တာကိုထွန်းထွန်းအောင်က ပြောကြားရာတွင် "ကျွန်တော်တို့ကုမ္ပဏီအနေနဲ့ ဒီအိုင်တီ နည်းပညာပြပွဲကြီး မတိုင်မီမှာ အထူးအစီအစဉ်အဖြစ် ကွန်ပျူတာတပ်ဆင်ကျွမ်းကျင်မှု ပြိုင်ပွဲလေးတစ်ရပ်ပြုလုပ်ဖို့ စီစဉ်နေပါတယ်။ ကွန်ပျူတာလောကမှာတော့ ဆော့ဖ်ဝဲလ်ပိုင်းသာမက ဟာ့ဒ်ဝဲလ်ပိုင်းကိုလည်း ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ထားဖို့လိုပါတယ်။ မြန်မာနိုင်ငံမှာ ဟာ့ဒ်ဝဲလ်နည်းပညာပိုင်းကို ကျယ်ပြန့်ကျွမ်းကျင်စွာ တပ်ဆင်အသုံးပြုနိုင်တဲ့ လူငယ်ပညာရှင်များ ပေါ်ထွန်းလာဖို့ ကျွန်တော်တို့ ဒီကွန်ပျူတာတပ်ဆင် ကျွမ်းကျင်မှုပြိုင်ပွဲကို ကျင်းပဖို့ စီစဉ်ရခြင်း ဖြစ်ပါတယ်"ဟု ပြောကြားသည်။

"ကျွန်တော်တို့ ဒီကွန်ပျူတာတပ်ဆင်ကျွမ်းကျင်မှုပြိုင်ပွဲကို ရေးဖြေနဲ့ နှုတ်ဖြေ မေးခွန်းများကို လာရောက်ယှဉ်ပြိုင်ကြတဲ့ လူငယ်များကို မေးခွန်းများ မေးမှာဖြစ်ပါတယ်။ ဒါ့အပြင် နှုတ်ဖြေကျွမ်းကျင်စာမေးပွဲ အောင်မြင်တဲ့သူများကို နောက်ဆုံးအဆင့် (Pc-Setup) ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမှာဖြစ်ပါတယ်။ ဆုရရှိသူများကို မြန်မာနိုင်ငံကွန်ပျူတာ အသင်းချုပ်နှင့် ကွန်ပျူတာအသင်း၏ (၁၀)နှစ်ပြည့်မြောက်အဖြစ် ကျင်းပတဲ့သတင်း အချက်အလက်နဲ့ နည်းပညာပြပွဲမှာ ထိုက်ထိုက်တန်တန်ဆုများ ချီးမြှင့်ပေးသွားမှာဖြစ်ပါတယ်။ ဒီအိုင်တီ နည်းပညာပြပွဲကို အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ သုံးရက်တိုင်တိုင် ရန်ကုန်မြို့မှာ ကျင်းပသွားဖို့ ရှိကြောင်းသိရပါတယ်"ဟု ကိုထွန်းထွန်းအောင်က မြန်မာ့အလင်းသို့ ပြောကြားသည်။

တိုးတက်ပြောင်းလဲ

အိုင်တီနည်းပညာများ တိုးတက်ပြောင်းလဲမှု မြန်ဆန်လှသည့် ယနေ့အချိန်အခါတွင် ကွန်ပျူတာနည်းပညာကို အချိန်နှင့် တစ်ပြေးညီ လေ့လာသွားရန်လိုကြောင်း Personal Computer Magazine မှ အယ်ဒီတာတစ်ဦး ဖြစ်သည့် ကိုမျိုးမင်းထူးက မြန်မာ့အလင်းသို့ ပြောကြားသည်။

"ယနေ့ခေတ် နိုင်ငံတကာမှာ နည်းပညာများ တိုးတက်မှုနှုန်း မြန်ဆန်တာနဲ့အမျှ ဒစ်ဂျစ်တယ်ပစ္စည်းများ ထုတ်လုပ်မှုမှာလဲ အရွယ်အစား သေးသည်ထက် သေးအောင် ထုတ်လုပ်လာတာတွေ့ရပါတယ်။ ထုတ်လုပ်လိုက်တဲ့ဒစ်ဂျစ်တယ်ပစ္စည်းလေးဟာ အရွယ်အစား သေးပေမယ့် စွမ်းဆောင်နိုင်မှုဟာ အံ့မခန်းပါပဲ။ ဥပမာဆိုပါစို့ ASUS အမှတ်တံဆိပ်ပါ Notebook ကွန်ပျူတာလေးတွေဆိုရင် အရွယ်အစားအားဖြင့် စာအုပ် တစ်အုပ်စာလေးပဲ ရှိပါတယ်။

"ကွန်ပျူတာ ဟာ့ဒ်ဝဲလ် ပညာနဲ့ လူငယ်လူရွယ်တွေ အလုပ်အကိုင် အခွင့်အလမ်းများ ပွင့်လန်းရရှိစေဖို့ ရည်ရွယ်ပြီး ကွန်ပျူတာ တပ်ဆင်ကျွမ်းကျင်မှု ပြိုင်ပွဲကို ကျင်းပရခြင်း ဖြစ်ပါတယ်"

ကိုမျိုးမင်းထူး
ကွန်ပျူတာမဂ္ဂဇင်းအယ်ဒီတာ

ဒီ Notebook ကွန်ပျူတာလေးဟာ အင်တာနက်၊ အီးမေးလ်တို့ကို ကြိုးမဲ့ဆက်သွယ် အသုံးပြုနိုင်တဲ့ အပြင် MRTV-4 စတဲ့ ရုပ်သံလိုင်းတွေ ဖမ်းယူကြည့်ရှုနိုင်ပါတယ်၊ ဒါ့အပြင် အသံဖမ်းတာတွေ၊ အသံသွင်းတာတွေ အများကြီး လုပ်လို့ရပါတယ်။ ဒါကြောင့် လူငယ်လူရွယ်တွေ သေးငယ်တဲ့ ဒစ်ဂျစ်တယ်ပစ္စည်းတွေသာမက အလတ်စား၊ အကြီးစား ကွန်ပျူတာများကိုပါ လက်တွေ့ကျကျ ကျွမ်းကျင်စွာ တပ်ဆင်အသုံးချတတ်ဖို့ လိုအပ်လာပြီ ဖြစ်ပါတယ်"ဟု ကိုမျိုးမင်းထူးက ပြောပြသည်။

မျက်ခြည်မပြတ်

"ခေတ်မီတိုးတက်နေတဲ့ ဟာ့ဒ်ဝဲနည်း ပညာသစ်များကို ယနေ့ခေတ် လူငယ်လူရွယ်များ မျက်ခြည်မပြတ် လေ့လာနေဖို့ လိုပါတယ်။ ဒါကြောင့်လဲ ASUS အမှတ်တံဆိပ်ပါ ကွန်ပျူတာ မျိုးစုံဖြန့်ချိပေးနေတဲ့ Golden Power Technology နဲ့ ကျွန်တော့်ရဲ့ Personal Computer Magazine တို့ပူးပေါင်းပြီး မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နဲ့ ကွန်ပျူတာအသင်းရဲ့ (၁၀)နှစ်မြောက်အကြိုအဖြစ် ကွန်ပျူတာတပ်ဆင်ကျွမ်းကျင်မှု ပြိုင်ပွဲကို ကျင်းပပေးခြင်းဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက် ရှင်းပြသည်။

ကျွမ်းကျင်စွာ

သို့ဖြစ်၍ ယနေ့ လူငယ်လူရွယ်များ အနေဖြင့် အနာဂတ်ကွန်ပျူတာတစ်ခေတ်ကို ဆန်းသစ်နိုင်ရေးအတွက် တိုးတက်ပြောင်းလဲနေသော နည်းပညာခေတ်နှင့်အညီ ကွန်ပျူတာလောကတွင် ဆော့ဖ်ဝဲလ်ပိုင်းသာမက ဟာ့ဒ်ဝဲလ်ပိုင်းများကိုလည်း ကျွမ်းကျင်စွာ တတ်မြောက်ထားရန် လိုအပ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကျူးဘားနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီ

နေပြည်တော် အောက်တိုဘာ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်း ခံရသော ကျူးဘားသမ္မတနိုင်ငံသံအမတ်ကြီးအဖြစ် မစ္စတာ လာဇာရိုဟာရဲရာမာတီနက်ဇ်အား ခန့်အပ်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာလာဇာရိုဟာရဲရာမာတီနက်ဇ်သည် ၁၉၅၀ပြည့်နှစ် ဇန်နဝါရီ ၂၀ရက်တွင် မွေးဖွားခဲ့သူဖြစ်သည်။ ၎င်းသည် နိုင်ငံတကာဆက်ဆံရေးဘွဲ့ ရရှိခဲ့ပြီး ၁၉၈၀ ပြည့်နှစ်တွင် ကျူးဘားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင် ဝင်ရောက်ကာ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ ကျူးဘားသမ္မတနိုင်ငံသံရုံးတွင် ၁၉၈၃ခုနှစ်မှ ၁၉၈၆ခုနှစ်အထိ တတိယအတွင်းဝန်အဖြစ် လည်းကောင်း၊ ၁၉၉၀ ပြည့်နှစ်မှ ၁၉၉၄ ခုနှစ်အထိ ဒုတိယအတွင်းဝန်အဖြစ်လည်းကောင်း၊ ၁၉၉၇ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ သံမှူးကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၁၉၉၉ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ ဘဟားမားနေသဟာယနိုင်ငံဆိုင်ရာ ကျူးဘားသမ္မတနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးတွင် ကောင်စစ်ဝန်ချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ မစ္စတာလာဇာရိုဟာရဲရာ မာတီနက်ဇ်သည် ၂၀၀၆ခုနှစ်မှယနေ့အထိ ကျူးဘားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှနှင့်အိုးရှင်းနီးယားဌာနတွင် အကြီးတန်းအရာရှိအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာလာဇာရိုဟာရဲရာမာတီနက်ဇ်သည် ဗန်ကောက်မြို့တွင် ရုံးစိုက်နေထိုင်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကျူးဘားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲထမ်းဆောင်မည်ဖြစ်သည်။ ၎င်းသည် အိမ်ထောင်သည် တစ်ဦးဖြစ်ပြီး ကလေးနှစ်ဦးရှိသည်။

(သတင်းစဉ်)

မီးဘေးကာကွယ်ရေး ဟောပြောပွဲနှင့် သရုပ်ပြပွဲ ဘုရင့်နောင်ဈေးကြီးတွင် ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၂

မရမ်းကုန်းမြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောပွဲနှင့် သရုပ်ပြပွဲ အခမ်းအနားကို အောက်တိုဘာ ၉ ရက်က ဘုရင့်နောင်ဈေးကြီး ဈေးတာဝန်ခံရုံးအနီး၌ ကျင်းပရာ မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းမှ တပ်ဖွဲ့ဝင်များ၊ မြောက်ပိုင်းခရိုင်စည်ပင်သာယာအုပ်ချုပ်ရေး ဈေးများဌာန ဌာနခွဲမှူး ဗိုလ်ကြီးအောင်နိုင်ထွေး(ငြိမ်း)နှင့် ဌာနစုမှူး ဒေါ်လှလှကျော်၊ ဈေးတာဝန်ခံ ဦးသန်းထွေးနှင့် ဝန်ထမ်းများ၊ ဈေးသာယာရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် ဈေးသူဈေးသားများ၊ ဈေးလုံခြုံရေးနှင့် မီးဘေးကာကွယ်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဦးကျော်သက်နှင့် ကော်မတီဝင်များ တက်ရောက်ကြသည်။

ဟောပြော

အဆိုပါအခမ်းအနားတွင် မြောက်ပိုင်းခရိုင် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းနိုင်က အမှာစကား ပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူးရဲကျော်သူစိုးနိုင်က မီးဘေးကြိုတင်ကာကွယ်ရေးအကြောင်းသိကောင်းစရာများ ဟောပြောကာ ဘုရင့်နောင်မီးသတ်စခန်း ဦးစီးမှူး ဦးကျော်မြင့်ရီက မီးငြိမ်းသတ်ပုံသတ်နည်း သရုပ်ပြပညာပေး ရှင်းလင်းခဲ့ကြောင်း သိရသည်။

(၁၁၁)

စိုင်နိုင်-ဟံလင်းလမ်း ကျောက်ချောခင်း

ဝက်လက် အောက်တိုဘာ ၂၂

ဝက်လက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်သော စိုင်နိုင်-ဟံလင်းလမ်း ကျောက်ချောလမ်းခင်းဆောင်ရွက်နေမှုကို စက်တင်ဘာ ၁၀ရက်က စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထင်အောင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်တင်မာမြင့်တို့ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

* ရင်သွေးငယ်များ ကျန်းမာဖို့ အကောင်းဆုံးသည် မိခင်နို့။

* မိခင်နို့ဖြင့် မလုံလောက်လျှင် နွားနို့၊ ဆိတ်နို့အသုံးဝင်။

* အစဉ်ကျိုချက် တိုက်ကျွေးပေး အသင့်မြတ်ဆုံး ကျန်းမာရေး။

ဝ ကျောဖုံးမှ

သယ်ဆောင်သွားရာ နိုင်ငံခြားဖြစ် ခြောက်ခုနှင့် အိန္ဒိယလုပ် ငါးခုပါဝင်သည်။ အိန္ဒိယအာကာသသုတေသနအဖွဲ့မှ လွှတ်တင်ခဲ့သည့် အဆိုပါအာကာသယာဉ်သည် ကမ္ဘာ့ပတ်လမ်းကြောင်းအလွန်သို့ ရောက်ရှိသွားပြီဖြစ်သည်။

အောင်ပွဲခံ

ဘန်ဂလိုရှိ အာကာသထိန်းချုပ်ရေးစခန်းမှ အာကာသသိပ္ပံပညာရှင်များသည် အိန္ဒိယနိုင်ငံ၏ ပထမဆုံးသော လစူးစမ်းအာကာသယာဉ် လွှတ်တင်နိုင်ခဲ့ခြင်းအတွက် အောင်ပွဲခံခဲ့ကြသည်။ ထိုသို့ လွှတ်တင်နိုင်ခဲ့ခြင်းသည် အိန္ဒိယနိုင်ငံအတွက် သမိုင်းမှတ်တိုင်သစ်ကို စိုက်ထူလိုက်ခြင်းဖြစ်ကြောင်း အာကာသယာဉ်လွှတ်တင်ရေး မစ်ရှင်ညွှန်ကြားရေးမှူး မာဒရာဗန်နာယာက ပြောကြားသည်။

ချန်ဒရာယန်း-၁ အာကာသယာဉ်သည် လကမ္ဘာ၏ မူလဖြစ်တည်မှုနှင့် ပြောင်းလဲဖြစ်စဉ်များ၊ ဟီလီယံ-၃ ဒြပ်စင်ဖြစ်ပေါ်တည်ရှိခြင်းများနှင့် အခြားသော လမျက်နှာပြင်အခြေအနေများကို စူးစမ်းလေ့လာသွားမည်ဖြစ်ကြောင်း သိရသည်။

စမ်းသပ်မှု

အိန္ဒိယနိုင်ငံက လစူးစမ်းလေ့လာရေးယာဉ်ကို အောင်မြင်စွာလွှတ်တင်နိုင်ခဲ့သဖြင့် လကမ္ဘာသို့ အာကာသယာဉ်စေလွှတ်သည့်နိုင်ငံများတွင် တစ်နိုင်ငံ အနေဖြင့် ပါဝင်လာပြီဟုဆိုသည်။ အိန္ဒိယသိပ္ပံအကယ်ဒမီက ၎င်းအာကာသယာဉ် လွှတ်တင်ရေးအတွက် ၁၉၉၉ ခုနှစ်တွင်စတင်ကာ စမ်းသပ်မှုများ ပြုလုပ်ခဲ့သည်ဟု ဆိုသည်။

အိန္ဒိယနိုင်ငံလုပ်ဒုံးပစ်စင်မှ လွှတ်တင်ခဲ့သည့် အဆိုပါ အာကာသယာဉ်သည် အလေးချိန်တစ်တန်ခွဲရှိပြီး ဝပ်၇၀၀အားရှိ ဆိုလာပြားတပ်ဆင်၍ မောင်းနှင်သွားလာစေသည်။ ၎င်းအာကာသယာဉ် လွှတ်တင်ခြင်းအတွက် ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၇၈ သန်းရှိကြောင်း သိရသည်။ (ကိုးကား-အင်တာနက်)

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နန်နင်းမြို့၌ အောက်တိုဘာ ၂၂ရက်မှ ၂၅ရက်အထိ ကျင်းပသည့် (၅)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲသို့ တက်ရောက်ရန် မြန်မာနိုင်ငံ အမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်းမှ အလုပ်အမှုဆောင် ဒေါ်တင်နွယ်ဦးနှင့် အသင်းဝင်ဒေါ်သင်းသင်းဆက်တို့ ဦးဆောင်သော အဖွဲ့ဝင် ၁၂ ဦးပါဝင်သည့် အဖွဲ့အား အောက်တိုဘာ ၂၀ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီ တွေ့ရစဉ်။ (အမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်အသင်း)

မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု
ကိုးကားတင်ပြသည်

မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းတို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

ရန်ကုန် အောက်တိုဘာ ၂၂

အောက်တိုဘာ ၂၂ ရက်က မြန်မာနိုင်ငံ၏ မိုးလေဝသအခြေအနေကိုဖော်ပြရလျှင် တနင်္သာရီတိုင်းတွင် နေရာအနှံ့အပြားမိုးရွာခဲ့ပြီး ရှမ်းပြည်နယ်နှင့် ရန်ကုန်တိုင်းတို့၌ နေရာကျဲကျဲမိုးရွာခဲ့သည်။ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့၌ နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့သည်။ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။

အောက်တိုဘာ ၂၂ ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

ကော့ကရိတ်	၂ ဒသမ ၃၆	လက်မ
ဥမြို့	၁ ဒသမ ၁၀	လက်မ
ရန်ကုန်(မင်္ဂလာဒုံ)	၀ ဒသမ ၉၉	လက်မ

အောက်တိုဘာ ၂၃ ရက် **(ယနေ့)** ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရပါက ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲမိုးရွာနိုင်ပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့၌ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

အောက်တိုဘာ ၂၃ရက်**(ယနေ့)** နေပြည်တော်နှင့် ရန်ကုန်မြို့အနီးတစ်ဝိုက် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်မူ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့၌ တိမ်အသင့်အတင့်ဖြစ်ထွန်းလျက်ရှိသည်။ မြန်မာ့ပင်လယ်ပြင်တွင်မူ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကားချက်-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

စစ်ကိုင်း-အုန်းတော-ညောင်ပင်ဝန်း-မြင်းမူလမ်းပိုင်း အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၂၂

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးသည် အောက်တိုဘာ ၁၃ ရက်က စစ်ကိုင်းခရိုင် မြင်းမူမြို့နယ် ကံတလူကျေးရွာအနီး မိုင်တိုင်အမှတ်(၂၂/၀)ရှိ စစ်ကိုင်း-အုန်းတော-ညောင်ပင်ဝန်း-မြင်းမူလမ်းပိုင်းကို တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ရွှေတောင် ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီ ရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ခံ ဦးတင်အောင်က ၂၀၀၈-၂၀၀၉ခု ဘဏ္ဍာရေးနှစ် လမ်းပိုင်းအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များကို မှာကြားကာ လမ်းသားချဲ့ခြင်း၊ ကတ္တရာရေပိတ်လွှာ ခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် မိုင်တိုင်အမှတ်(၃၂/၅)နှင့် (၃၂/၆) အကြား၌ လမ်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

လမ်းသားချဲ့

အဆိုပါ ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီက ၂၀၀၈-၂၀၀၉ခု ဘဏ္ဍာရေးနှစ်အတွင်း စစ်ကိုင်း-အုန်းတော-ညောင်ပင်ဝန်း-မြင်းမူလမ်းပိုင်းကို အပိုင်းသုံးပိုင်းခွဲ၍ မူလလမ်းအကျယ် ၁၈ပေမှ ၂၄ပေအကျယ် လမ်းသားချဲ့ခြင်း၊ ကတ္တရာရေပိတ်လွှာ ခင်းခြင်းလုပ်ငန်းနှင့် မြင်းမူမြို့ မြို့ရှောင်လမ်း လမ်းသားသစ်ချဲ့ခြင်းနှင့် ခြောက်လက်မကတ္တရာလမ်းသားသစ် ထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် ပင်လောင်း-တုံဟုံးလမ်းသစ် ဖောက်လုပ်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် တာဝန်ရှိသူများ လိုက်ပါလျက် အောက်တိုဘာ ၂၀ရက် မွန်းလွဲပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြပြီး ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်နှင့်အတူ ပင်လောင်း-တုံဟုံးလမ်းသစ် ဖောက်လုပ်နေသည့် မိုင်တိုင်(၃)နှင့် (၄)အကြား လုပ်ငန်းခွင်၌ ကျောက်ခင်းကတ္တရာလောင်းနေမှု၊ လမ်းဘေးဝဲယာ ရေမြောင်းတူးဖော်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆောင်ရွက်ပြီးစီး

အဆိုပါ ပင်လောင်း-တုံဟုံးလမ်းသည် ညောင်ရွှေမြို့နယ်အတွင်း တည်ရှိပြီး လမ်းအရှည်မှာ ပင်လောင်း(လွယ်ပြား)မှ တုံဟုံးအထိ ၁၆ မိုင် ၄ဖာလုံ ရှိသည့်အနက် ၁၆မိုင် ၁ ဖာလုံအထိ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ညောင်ရွှေမြို့နယ် တီလောအုပ်စု ရွှေလင်ပန်းကျေးရွာ တောင်သူ ဦးအောင်ကြိုင်၏ ကြံခင်း ၁၀ ဧကစိုက်ပျိုးအောင်မြင်မှုကို ကြည့်ရှုစစ်ဆေးသည်။

အောင်မြင်ဖြစ်ထွန်း

တောင်သူဦးအောင်ကြိုင်၏ အောင်မြင်ဖြစ်ထွန်းနေသည့် ၁၀ဧက ကြံစိုက်ခင်းမှာ K-91/21056 နှင့် Phil-74164 ချက်ကြံသီးနှံမျိုးဖြစ်ပြီး ညောင်ရွှေမြို့နယ်၌ အဆိုပါ ကြံမျိုးဧက ၈၈၀၀ စိုက်ပျိုးထားကြောင်း သိရသည်။

အစာစပ်ရုံ

ဆက်လက်၍ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အေးသာယာစက်မှုဇုန်ရှိ တက်ချောင်အစာစပ်စက်ရုံ၌ အစာများရောစပ်နေမှု၊ အိတ်သွတ်နေမှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

ကဝနှင့် ပဲခူးတံတား တည်ဆောက်မှု ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် အောက်တိုဘာ ၂၀ရက် နံနက်ပိုင်းက အင်းတကော်-ထုံးကြီး-ကဝလမ်းပေါ်ရှိ ကဝတံတား တည်ဆောက်ရေးစီမံကိန်း၌ တံတားပြီးစီးမှုနှင့် တံတားချဉ်းကပ်လမ်း ကျောက်ခင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကဝတံတား

အဆိုပါ ကဝတံတားမှာ ကဝမြို့နယ် (အင်းတကော် - ထုံးကြီး - ကဝလမ်း) မိုင်တိုင်အမှတ် ၇မိုင် ၇ဖာလုံ၌ ပဲခူးမြစ်ကိုဖြတ်၍ တည်ဆောက်ထားပြီး အောက်ထည်လွန်တူးဘိုးပိုင်၊ အပေါ်ထည် ဘေလီသံပေါင် တစ်လမ်းသွားဖြစ်၍ အရှည်ပေ ၅၆၀ရှိပြီး ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း တန်၆၀ ဖြစ်သည်။

ပဲခူးတံတား

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-ပဲခူး-တောင်ငူ-မန္တလေးလမ်းပေါ်ရှိ ပဲခူးတံတားတည်ဆောက်ရေး စီမံကိန်း လုပ်ငန်းခွင်သို့ရောက်ရှိပြီး တံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ပဲခူးတံတားမှာ ကြိုတင်အားဖြည့် သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ပြီး အရှည်ပေ ၃၆၀၊ ယာဉ်သွားလမ်းအကျယ် ၇၂ပေ၊ ယာဉ်ခြောက်လမ်းသွားဖြစ်ပြီး လူသွားလမ်းတစ်ဖက်လျှင် ခြောက်ပေစီပါရှိကာ ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း တန်၆၀ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဒုတိယမြို့နယ်တရားသူကြီးများအား ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၂

ဒုတိယမြို့နယ်တရားသူကြီးများ လုပ်ငန်းဝင်သင်တန်း အမှတ်စဉ်(၁၈)နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)၌ ဖွင့်လှစ်ခဲ့သော အရာထမ်းငယ် အခြေခံသင်တန်း အမှတ်စဉ်(၄၂)တို့တွင် ဆုရရှိခဲ့ကြသည့် ဒုတိယမြို့နယ်တရားသူကြီးများအား ဆုချီးမြှင့်ပွဲကို ယမန်နေ့ နံနက် ၉နာရီက တရားရုံးချုပ်(ရန်ကုန်) အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည်။

ရှေးဦးစွာ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးက ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဒုတိယမြို့နယ် တရားသူကြီးများ လုပ်ငန်းဝင်သင်တန်းအမှတ်စဉ်(၁၈)တွင် ပထမနှင့် ဒုတိယရရှိသူတို့အားလည်းကောင်း၊ အရာထမ်းငယ် အခြေခံသင်တန်း အမှတ်စဉ်(၄၂)တွင် သင်တန်းသားစံပြဆု၊ သင်တန်းသူစံပြဆု၊ သင်တန်းသား ပထမဆု၊ သင်တန်းသူ စစ်ရေးပြထူးချွန်ဆုနှင့် သင်တန်းသူ သေနတ်ပစ်ထူးချွန်ဆုရရှိသူတို့အားလည်းကောင်း ဂုဏ်ပြုဆုချီးမြှင့်သည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

မူခင်းပညာပေး

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်နှင့် ကြည့်မြင်တိုင်မြို့နယ်တို့ မူခင်းကျဆင်းရေး ရက်သတ္တပတ် ပူးပေါင်းဆောင်ရွက်မှု မူခင်းပညာပေး ဟောပြောပွဲ အခမ်းအနားကို အောက်တိုဘာ ၁၈ရက်က အလုံမြို့နယ်ခန်းမ၌ ကျင်းပရာ အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးစိန်ထွန်းက မူခင်းများဆိုင်ရာအကြောင်း ရှင်းလင်းပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

တာမွေမြို့နယ်၌ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

ရန်ကုန် အောက်တိုဘာ ၂၂

တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း(၁/၂၀၀၈) ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၁ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်ခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်မောင်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

ဆက်လက်၍ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်အေးဆွေက ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များနှင့် သင်တန်းသားထူးချွန်ဆု ချီးမြှင့်ငွေများကို ပေးအပ်လှူဒါန်းရာ မြို့နယ်ဦးစီးမှူး ဒေါ်မြင့်အေးက လက်ခံယူသည်။ ထို့နောက် စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး လုပ်ငန်းစဉ်(၅)ရပ်အနက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာကြည့်တိုက်များ စနစ်တကျထိန်းသိမ်းနိုင်သော ကျွမ်းကျင်သည့် စာကြည့်တိုက်မှူးများ ရရှိလာအောင် လေ့ကျင့်ပျိုးထောင်သွားရေး ရည်ရွယ်ချက်နှင့် စာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးရေးအကြောင်းကို ခရိုင်ဦးစီးအရာရှိ ဦးစိုးညွန့်က ပြောကြားသည်။ ဆက်လက်၍ စာကြည့်တိုက်လုပ်ငန်း ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများကို သင်တန်းဆရာများက ပို့ချကြသည်။ **(မြို့နယ် ပြန်/ဆက်)**

23-10 (06).pmd 1 10/23/2008, 1:41 AM

မောင်တောမြို့နယ် ရွှေမြန်မာစပါး ရိတ်သိမ်းခြွေလှေ့မှုနှင့် မြေသြဇာနှင့် ဓာတ်မြေသြဇာအရည်များ ခင်းကျင်းပြသမှု

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၂

ရခိုင်ပြည်နယ် မောင်တောမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်သည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းက အောင်မင်္ဂလာစံပြကျေးရွာရှိ တောင်သူဦးစောသိန်း၏ ရော်ဘာခြံအတွင်းလှည့်လည်ကြည့်ရှုပြီး နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုဌာနချုပ်၏ ရော်ဘာစိုက်ခင်းများ၊ ကြက်ဆူစိုက်ခင်းများ၊ ကြက်ဆူပင်ပျိုးဥယျာဉ် အမှတ်(၁) ပျိုးခြံတို့နှင့် လမ်းဘေးဝဲယာရှိ စပါးစိုက်ခင်းများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးကာ မောင်တောမြို့နယ် မြို့သူကြီး ကျေးရွာအုပ်စုရှိ တောင်သူဦးခင်မောင်၏ စံပြလယ်မြေ၌ ရွှေမြန်မာစပါးများ ရိတ်သိမ်းခြွေလှေ့နေမှု၊ မြေသြဇာများနှင့် ဓာတ်မြေသြဇာအရည်များ ခင်းကျင်းပြသထားမှုတို့ကို ကြည့်ရှုအားပေးသည်။

ထောက်ပံ့ပေးအပ်

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်က နွေစပါးစိုက်ပျိုးနိုင်ရန်အတွက် ဒေသခံပြည်သူများအား ဓာတ်မြေသြဇာများ ထောက်ပံ့ပေးအပ်ကာ တိုင်းမှူးက ဒို့ကျေးရွာဂျာနယ်နှင့် စာစောင်များကို ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့သည် မြို့သူကြီးကျေးရွာအုပ်စုရှိ မြို့ဝင်မိုးစပါးစံပြဧက ၁၀၀စိုက်ခင်းကိုလည်းကောင်း၊ တောင်သူဦးဇော်ဝမ်း၏ စံပြ သုံးဧကစိုက်ခင်းအတွင်း ဆင်းရွှေလီစပါးစိုက်ခင်း၏ အောင်မြင်ဖြစ်ထွန်းနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထွက်ရှိနိုင်

မောင်တောမြို့နယ်သည် ၂၀၀၈-၂၀၀၉ခုနှစ်တွင် မိုးစပါး ၈၅၂၀၃ဧကစိုက်ပျိုးထားရှိကာ စုစုပေါင်း စံကွက် ၈၅၀၀ရှိပြီး တစ်ဧက ကောက်ကွက် ၁၇၀၀၀၀ပြည့်မီသည့်အတွက် ပန်းတိုင်အထွက်နှုန်း တစ်ဧက ၁၀၀ ထွက်ရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်သည် မောင်တော-ရွှေဇားကားလမ်းပေါ်ရှိ ရွှေဇားချောင်းကို ဖြတ်ကူးတည်ဆောက်ထားသော ရွှေဇားတံတားသို့ ရောက်ရှိပြီး တံတား၏ ကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့သည် ဘူးသီးတောင်-မောင်တောလမ်း မိုင်တိုင်အမှတ်(၁၀/၁)ရှိ ၁၀မိုင်တံတားနေရာ၌ ပေ ၁၂၀ အရှည် ယာယီဘေလီတံတား ပြန်လည်တည်ဆောက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့သည် မိုင်တိုင်အမှတ်(၈/၂)အနီး၌ တောင်ကျချောင်းရေ စီးဆင်းမှုကြောင့် လမ်းကမ်းပါးယံများနှင့် လမ်းပခုံးသားများ ပြိုကျပျက်စီးနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ်(၇/၇)နှင့် (၇/၆)အတွင်းရှိ ပေ ၆၅၀ရှည်လျားသော လိုဏ်ဂူကြီး၌ ရေယိုစိမ့်မှုရှိသော နေရာများနှင့် လိုဏ်ခေါင်းအတွင်းရှိ ကားလမ်းတို့ကို ကြည့်ရှုစစ်ဆေးကာ ဘူးသီးတောင်မြို့မှ တစ်ဆင့် စစ်တွေမြို့သို့ ရောက်ရှိသည်။ **(သတင်းစဉ်)**

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် မောင်တောမြို့နယ် မြို့သူကြီးကျေးရွာအုပ်စုရှိ တောင်သူဦးခင်မောင်၏ စံပြလယ်မြေ၌ ရွှေမြန်မာစပါးများ ရိတ်သိမ်းခြွေလှေ့နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

အောက်တိုဘာ ၂၁ရက်က မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်)က ကြီးမှူးဖွင့်လှစ်သည့် ကြီးကြပ်အဆင့်ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း အမှတ်စဉ်(၁/၂၀၀၈) ဖွင့်ပွဲတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်း အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၃-၁၀-၂၀၀၈ ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အကပဒေသာ
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ အတီးပြိုင်ပွဲ
- ၈း၁၀ ၇။ မူဟာန်သွယ်သွယ်ဆိုကြမယ်
- ၈း၂၀ ၈။ အကပြိုင်ပွဲ
- ၈း၃၀ ၉။ International News
- ၈း၄၅ ၁၀။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အတီးပြိုင်ပွဲ
- ၄း၂၀ ၃။ **ပျော်ရွှင်ကျန်းမာ သန့်စင်သောအစာ** ဆုပန်ထွာ၊ ပွင့်၊ ဂွမ်းပုံကြီး၊ ဟဲဇီးဖြိုး (ဒါရိုက်တာ-ကြည်စိုးထွန်း)
- ၄း၃၀ ၄။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၄း၄၀ ၅။ တေးဂီတအစီအစဉ်
- ၄း၅၀ ၆။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (စီးပွားရေးပညာအထူးပြု) စီးပွားရေးပညာ
- ၅း၀၅ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၁၅ ၈။ အဆိုပြိုင်ပွဲ
- ၅း၂၅ ၉။ မြန်မာ့ဆေးဝါးလုပ်ငန်းစက်ရုံ (ရန်ကုန်)
- ၅း၃၅ ၁၀။ ရုပ်မြင်ရသတေးစုကဏ္ဍ
- ၅း၄၅ ၁၁။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆း၀၀ ၁၂။ ညနေခင်းသတင်း
- ၆း၃၀ ၁၃။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၄။ လက်ဆင့်ကမ်းပေးဂီတတေး
- ၆း၄၅ ၁၅။ တေးဂီတအစီအစဉ်
- ၇း၀၀ ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကုန်သွယ်မုန်တိုင်း** (အပိုင်း-၁၉)
- ၈း၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ**
- ၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပင်လယ်ပျော်မင်းသား** (အပိုင်း-၃၉)
- ၂၂။ အစီအစဉ်ပြီး၏။

ဆေးခတ်ပြီး လက်ဝတ်ရတနာယူဆောင်သူများအား မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဖော်ထုတ်ဖမ်းဆီးရမိ

ရန်ကုန် အောက်တိုဘာ ၂၂

မရမ်းကုန်းမြို့နယ် ဘုရင့်နောင်လမ်းမရှိ ပို့ဗ္ဗက်တည်းခိုခန်း၌ တည်းခိုနေသူ တစ်ဦးထံမှ ငွေနှင့်ရွှေထည်ပစ္စည်းများကို အချိုရည်တွင် ဆေးခတ်တိုက်ကာ ယူဆောင်သွားသူများအား ဘုရင့်နောင်ရဲစခန်းမှ တပ်ဖွဲ့ဝင်များက နာရီပိုင်းအတွင်း ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ အောက်တိုဘာ ၁၈ ရက် မွန်းလွဲ ၁၂ နာရီခွဲက မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက် ဘုရင့်နောင်လမ်းမ အမှတ် ၃၄ တတိယထပ်တွင် ဖွင့်လှစ်ထားသည့် ပို့ဗ္ဗက်တည်းခိုခန်း အခန်းအမှတ် (၅)တွင် အမျိုးသားတစ်ဦးအား အမျိုးသမီးတစ်ဦးက အချိုရည်တွင် ဆေးခတ်တိုက်ပြီး သတိမေ့သွားစဉ် ၎င်းအမျိုးသားဝတ်ဆင်ထားသည့် ရွှေဆွဲကြိုးတစ်ကုံး၊ ရွှေလက်စွပ်တစ်ကွင်း၊ ငွေကျပ် ၃၈၀၀၀၀နှင့် အနက်ရောင်ကျောပိုးအိတ်တစ်လုံး စုစုပေါင်းတန်ဖိုးငွေကျပ် ၂၁၉၂၅၀၀ကို ယူဆောင်ထွက်ပြေးသွားမှု ဖြစ်ပွားခဲ့သည်။

အဆိုပါသတင်းရလျှင်ရချင်း ဘုရင့်နောင်ရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် တရားခံဖမ်းဆီးရမိရေးအတွက် အဖွဲ့များခွဲကာ လိုက်လံရှာဖွေရာ ပြစ်မှုကျူးလွန်သူ ခွန်ပန်းနု (၂၂)နှစ် မြိုင်သာယာ (၂)လမ်း မြိုင်သာယာရပ်ကွက် မော်လမြိုင်မြို့၊ မခင်သန္တာဝင်း (၂၂)နှစ် ပတ္တမြားလမ်း ကမ်းနားအနောက်ရပ်ကွက် အင်းစိန်မြို့နယ်နှင့် မသန်းသန်းအေး (၂၈)နှစ် (လိပ်စာတူ) တို့အား မွန်းလွဲ ၁ နာရီခွဲတွင် ဘုရင့်နောင်လမ်းမကြီးနှင့် အလောင်းဘုရားလမ်းထောင့်ရှိ ဓမ္မာရုံကားမှတ်တိုင်၌ သက်သေခံပစ္စည်း ရွှေဆွဲကြိုးတစ်ကုံး၊ ရွှေလက်စွပ် တစ်ကွင်း၊ ငွေကျပ် ၃၈၀၀၀၀နှင့် အနက်ရောင်ကျောပိုးအိတ်တို့ကို မူလအနေအထားနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ **(အောက်ပုံ)**

အိပ်ဆေးခတ်

ပြစ်မှုကျူးလွန်သူ ခွန်ပန်းနုသည် အမျိုးသားတစ်ဦးဖြစ်သော်လည်း အမျိုးသမီးကဲ့သို့ ဝတ်စားဆင်ယင်ထားပြီး မခင်သန္တာဝင်းနှင့် မသန်းသန်းအေးတို့က ဆက်သွယ်ပေးသဖြင့် ခွန်ပန်းနုအား အမျိုးသမီးဟုထင်မှတ်ကာ တည်းခိုခန်းသို့ ခေါ်ဆောင်သွားစဉ် အချိုရည်ထဲ အိပ်ဆေးခတ်၍ ရွှေနှင့်ငွေများကို ယူဆောင်သွားခြင်းဖြစ်ကြောင်း သိရှိရသည်။

ပြစ်မှုကျူးလွန်သူ ခွန်ပန်းနု၊ မခင်သန္တာဝင်းနှင့် မသန်းသန်းအေးတို့အား မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ရဲစခန်းမှ (ပ) ၉၈၈/၀၈၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၈ ဖြင့် အမှုဖွင့်အရေးယူ စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

International Tourism သင်တန်း မိတ်ဆက်ပွဲနှင့် စာနယ်ဇင်းရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၂

Ocean Gate ၏ International Tourism သင်တန်းမိတ်ဆက်ပွဲနှင့် စာနယ်ဇင်းရှင်းလင်းပွဲကို ယမန်နေ့မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ Ocean Gate သင်တန်းခန်းမ၌ကျင်းပရာ Ocean Gate Training Centre မှ အမှုဆောင်အရာရှိချုပ်ဦးသိန်းစိုးက သင်တန်းနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများ၏ သိရှိလိုသည်များကို ပြန်လည်ဖြေကြားသည်။

ထည့်သွင်းသင်ကြား

ယခုဖွင့်လှစ်မည့် International Tourism သင်တန်းတွင် နိုင်ငံတကာ ခရီးသွားလုပ်ငန်းဆိုင်ရာ အခြေခံသဘောတရားနှင့် အလေ့အကျင့်များ၊ ခရီးသွား ဝန်ဆောင်မှု စီးပွားရေးမြှင့်တင်ခြင်းနှင့် နိုင်ငံတကာ ဈေးကွက်ရှာဖွေခြင်းဆိုင်ရာများ၊ စားသုံးသူဝန်ဆောင်မှုပေးခြင်းစသည့် နိုင်ငံတကာခရီးသွားလုပ်ငန်းဆိုင်ရာ ဘာသာရပ် ခုနစ်ခုကို ခြောက်လကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည့်အပြင် ပြည်တွင်းလုပ်ငန်းခွင်အတွက်လိုအပ်သည့်ပြည်တွင်း ခရီးသွား ဝန်ဆောင်မှုများအကြောင်းနှင့် လုပ်ငန်းခွင်သုံး အင်္ဂလိပ်စာနှင့်ကွန်ပျူတာ စနစ်များကိုပါ ထည့်သွင်းသင်ကြားပေးသွားမည်ဖြစ်သည်။

ပေါင်းကူးတက်ရောက်နိုင်

Skill Certificate in International Tourism သင်တန်း သင်ယူအောင်မြင်ပြီးပါက ပြည်တွင်းပြည်ပရှိ ခရီးသွားဝန်ဆောင်မှုနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် ဖောက်သည်ဝန်ဆောင်မှုပေးခြင်း၊ ကမ္ဘာလှည့် ခရီးသွားများ စိတ်ဝင်စားသည့်နေရာများဆိုင်ရာ ဧည့်လမ်းညွှန်များ၊ ခရီးသွားကိုယ်စားလှယ်များ စသည်ဖြင့် City & Guilds လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်မည့်အပြင် နိုင်ငံတကာရှိ တက္ကသိုလ်များနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အဆင့်မြင့် သင်တန်းများ၌ အခက်အခဲမရှိ အဆင်ပြေချောမွေ့စွာ ပေါင်းကူးတက်ရောက်နိုင်မည်ဖြစ်သည်။

ဆက်သွယ်စုံစမ်း

International Tourism သင်တန်း ပထမအပတ်စဉ်ကို နိုဝင်ဘာလတွင် စတင်ဖွင့်လှစ်မည်ဖြစ်ရာ စိတ်ပါဝင်စားသော ကျောင်းသားကျောင်းသူများနှင့် မိဘများသည် Ocean Gate သင်တန်းကျောင်းတည်ရှိရာ အမှတ် ၃၅၅ အခန်း ၂၀၆ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၀၁၃၀ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှင်းလင်းပြောကြား

Ocean Gate ၏ International Tourism သင်တန်းမိတ်ဆက်ပွဲနှင့် စာနယ်ဇင်းရှင်းလင်းပွဲတွင် Ocean Gate Training Centre မှ အမှုဆောင်အရာရှိချုပ်ဦးသိန်းစိုး ရှင်းလင်းပြောကြားစဉ်။

(သတင်းစဉ်)

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ သတ္တမနေ့ပြိုင်ပွဲများကျင်းပ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီး၌ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် အောက်တိုဘာ ၂၂

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ၏ သတ္တမနေ့ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီးတို့၌ ဆက်လက်ကျင်းပကြသည်။

ကြည့်ရှုအားပေး

အဆိုပါပြိုင်ပွဲများသို့ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ဒုတိယရေ့နေချုပ်ဒေါက်တာ ထွန်းရှင်၊ ကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးစန်းဝင်းနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီများမှ ဆပ်ကော်မတီဝင်များ၊ ဗဟိုအကဲဖြတ် ပညာရှင်များ၊ ပြည်နယ်နှင့် တိုင်းများမှ အကဲဖြတ် ပညာရှင်များ၊ ပြိုင်ပွဲဝင်အဖွဲ့ ကြီးကြပ်သူများနှင့် ပြိုင်ပွဲဝင်များ၊ မြန်မာ့ရိုးရာ အနုသုခုမပညာကို ချစ်မြတ်နိုးကြသော ပြည်သူများ ပျော်ရွှင်ကြည်နူးစွာ ကြည့်ရှုအားပေးကြသည်။

မဟာဂီတအဆိုပြိုင်ပွဲ

အဆင့်မြင့်ပညာအဆင့် အမျိုးသား မဟာဂီတအဆိုပြိုင်ပွဲကို နံနက် ၉နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌ကျင်းပရာ ပဲခူးတိုင်းမှမောင်ကိုကိုဝင်း၊ ရခိုင်ပြည်နယ်မှ ဦးတင်စိုးလှိုင်၊ ရန်ကုန်တိုင်းမှ မောင်သီဟကျော်နှင့် မောင်အောင်ကျော်မျိုး၊ မန္တလေးတိုင်းမှ မောင်ဝင်းမင်းဌေးနှင့် မောင်ရဲရန်အောင်၊ ကရင်ပြည်နယ်မှ စိုင်းသိန်းမြင့်ထွန်း၊ ဧရာဝတီတိုင်းမှ မောင်ချမ်းမြေ့သူ၊ တနင်္သာရီတိုင်းမှ မောင်ဒီရဲလင်းနှင့် စစ်ကိုင်းတိုင်းမှ မောင်ထျုန်လျှန်ကပ်တို့က **"ကောင်းကြီးသံခါ"** (မွန်)သီချင်းဖြင့် ပြိုင်ပွဲဝင်ကြသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ်အထိ အမျိုးသမီး မဟာဂီတ အဆိုပြိုင်ပွဲကို ကျင်းပရာ ပဲခူးတိုင်းမှ မခင်ရတနာစိုး၊ တနင်္သာရီတိုင်းမှ မရွှေရည်ရတနာ၊ ချင်းပြည်နယ်မှ မအက်စတာဒေါ့သ်ချင်းဆုန်၊ ရန်ကုန်တိုင်းမှ မခင်ဘုန်းပွင့်စံ၊ ရခိုင်ပြည်နယ်မှ မမေသူလွင်၊ မွန်ပြည်နယ်မှ မမေသဇင်၊ ရှမ်းပြည်နယ်မှ မဖြိုးပြည့်စုံကျော်၊ ကချင်ပြည်နယ်မှ မနန်းသဇင်ထွန်း၊ မန္တလေးတိုင်းမှ မဒေဝီမြင့်နှင့်မလမင်းဘိုဘို၊ ရန်ကုန်တိုင်းမှ မနှင်းဝတ်ရည်ထူး(ခ) စနေမ၊ ဧရာဝတီတိုင်းမှ မချိုဇင်သန့်၊ ကချင်ပြည်နယ်မှ မနန်းခင်သူရိန်နွယ်နှင့် စစ်ကိုင်းတိုင်းမှ မဝင့်ဝါဖူးတို့က **"မြမန်းဂီရိ"**(ယိုးဒယား) သီချင်းဖြင့် ဝင်ရောက် ယှဉ်ပြိုင်ကြသည်။

အဆင့်မြင့်ပညာအဆင့် အမျိုးသမီး အကပြိုင်ပွဲကို နံနက် ၉နာရီတွင် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ကချင်ပြည်နယ်မှ မမွန်မွန်သူ၊ မန္တလေးတိုင်းမှ မဝေနှင်းဖွေး၊ ချင်းပြည်နယ်မှ အဘီဘေးလ်ဇိန်ထပါလ်၊ ကချင်ပြည်နယ်မှ မသန္တာဌေး၊ စစ်ကိုင်းတိုင်းမှ မအေးခင်မွေး၊ ရခိုင်ပြည်နယ်မှ မခင်စန္ဒာသူရိန်ဝင်းကြည်၊ ရှမ်းပြည်နယ်မှ မဆွေဆွေဝင်း၊ မန္တလေးတိုင်းမှ မမြင့်မြင့်အေးသိန်း၊ ရန်ကုန်တိုင်းမှ မရီရီစန်း၊ မကွေးတိုင်းမှ မအိယမုံဖူးနှင့် ရန်ကုန်တိုင်းမှ မကြူကြူစိုးတို့ပြိုင်ပွဲဝင်ကြသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်ငါးနှစ်မှ ၁၀နှစ်အထိ အမျိုးသား အက ပြိုင်ပွဲကို ကျင်းပရာ မန္တလေးတိုင်းမှ မောင်သန်းတိုးအောင်၊ ရန်ကုန်တိုင်းမှ မောင်ဟိန်းစိုးအောင်(ခ)စုပုံချစ်၊ ကရင်ပြည်နယ်မှ စောအိန်ပိုးကျော်၊ ဧရာဝတီတိုင်းမှ မောင်ထိုက်သူအောင်၊ ကရင်ပြည်နယ်မှ မောင်အေးချမ်းမင်း၊ မန္တလေးတိုင်းမှ မောင်ကောင်းမြတ်စိုးလင်း၊ ကချင်ပြည်နယ်မှ မောင်မင်းလွင်ဦး၊ ပဲခူးတိုင်းမှ မောင်နိုင်နိုင်ထွန်း၊ ကချင်ပြည်နယ်မှ မောင်ထက်ဗိုလ်အောင်၊ စစ်ကိုင်းတိုင်းမှ မောင်သိန်းဇော်ဦး၊ ပဲခူးတိုင်းမှ မောင်ရီဝေအောင်၊ တနင်္သာရီတိုင်းမှ မောင်ဟိန်းမင်းလတ်၊ မွန်ပြည်နယ်မှ မောင်လင်းညီညီခန့်၊ ရှမ်းပြည်နယ်မှမောင်ထက်အောင်ရှိုင်း၊ ရခိုင်ပြည်နယ်မှ မောင်ပိုင်ပိုင်ဇော်သက်နှင့် ရန်ကုန်တိုင်းမှ မောင်သွင်ဖုန်းခန့်ဇော်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

သီချင်းအရေးပြိုင်ပွဲ

အရေးပြိုင်ပွဲကို နံနက်၉နာရီတွင် ရွာတော်ရှိ အမှတ်(၇) တည်းခိုရေးစခန်းသင်တန်းခန်းမဆောင်၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား/အမျိုးသမီး သီချင်းအရေးပြိုင်ပွဲ၌ **"အေးချမ်းသာယာသည့်ပန်းတိုင်သို့"** ခေါင်းစဉ်ဖြင့် ပဲခူးတိုင်းမှ ဦးထွန်းအောင်ကျော်၊ စစ်ကိုင်းတိုင်းမှ ဦးကျော်လင်း(ခ) ဦးသော၊ ရန်ကုန်တိုင်းမှ တက္ကသိုလ်ဆန်နီ၊ မန္တလေးတိုင်းမှဦးမျိုးသူ၊ မွန်ပြည်နယ်မှ ဦးထွန်းအုပ်ကျော်၊ ဧရာဝတီတိုင်းမှ ဦးသန်းရှိန်၊ မန္တလေးတိုင်းမှ ဦးဖုန်းမြိုင်၊ ရန်ကုန်တိုင်းမှ ဦးအုန်းသန်းထွန်း(ခ)မိုးခင်ကျော်၊ ကယားပြည်နယ်မှ ဦးခင်မောင်လှ၊ ကရင်ပြည်နယ်မှ ဦးမြင့်စိုး၊ မကွေးတိုင်းမှ ဦးတင်ထွေးနှင့် ကချင်ပြည်နယ်မှ စောကျော်မင်းမူတို့က ပါဝင်ပြိုင်ပွဲဝင်ကြသည်။

မယ်ဒလင်အတီးပြိုင်ပွဲ

ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား မယ်ဒလင်အတီးပြိုင်ပွဲကို နံနက်၉နာရီတွင် သစ်တောသုတေသနဌာန စုဝေးခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းမှ ဦးမင်းဇော်၊ ရခိုင်ပြည်နယ်မှ ဦးစန်းထွေး၊ ဧရာဝတီတိုင်းမှဦးစိုးမောင်၊ ရန်ကုန်တိုင်းမှ ဦးကြည်ရွှေ၊ မကွေးတိုင်းမှ ဦးတင်မောင်ဌေး၊ မန္တလေးတိုင်းမှ ဦးအေးနှင့် ဦးကျော်မြင့်၊ ရန်ကုန်တိုင်းမှ ဦးမောင်မောင်လွင်(ခ) ပေါက်ခေါင်းမောင်မောင်လေးနှင့် စစ်ကိုင်းတိုင်းမှ ဦးကျော်တို့က **"နှင်းယွန်းခါဟောမန်"**(ယိုးဒယား)သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်ကြသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ဆက်လက် ကျင်းပသည့် ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး မယ်ဒလင် အတီးပြိုင်ပွဲ၌ မန္တလေးတိုင်းမှ မဥမ္မာကျော်၊ ဧရာဝတီတိုင်းမှ ဒေါ်ဥမ္မာနှင့် ရန်ကုန်တိုင်းမှဒေါ်မြနှင်းရည်တို့က **"စိန်ခြယ်ဖြာရောင်လင်း"** (ကြိုး)သီချင်းဖြင့်လည်းကောင်း၊အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀) အထိ အမျိုးသား မယ်ဒလင်အတီး ပြိုင်ပွဲ၌ ရခိုင်ပြည်နယ်မှ မောင်ပြည့်စုံဖြိုး၊ ရန်ကုန်တိုင်းမှ မောင်တိုးတိုး၊ မန္တလေးတိုင်းမှ မောင်ကျော်ထွန်းဝင်း၊ ရန်ကုန်တိုင်းမှ မောင်အောင်အောင်၊ ပဲခူးတိုင်းမှ မောင်ရဲဝင်းအောင်နှင့် ဧရာဝတီတိုင်းမှ မောင်အောင်နိုင်စိုးတို့က **"အောင်မင်္ဂလာ"** (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)အထိ အမျိုးသမီး မယ်ဒလင်အတီးပြိုင်ပွဲ၌ ဧရာဝတီတိုင်းမှ မေမြတ်တင်၊ ရန်ကုန်တိုင်းမှ မပိုးအိကြည်သူဆန်းနှင့် မလဲ့လဲ့ဝင်း၊ ပဲခူးတိုင်းမှ မသိမ့်သိမ့်ထွေးတို့က **"ရောင်တော်ဖွင့်"**(ကာလပေါ်တေး)သီချင်းဖြင့်လည်းကောင်းအသီးသီး တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ဂီတာအတီးပြိုင်ပွဲ

ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား ဂီတာအတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းမှ ဦးရဲတင့်၊ ကချင်ပြည်နယ်မှ ဦးကျော်စွာလင်း၊ တနင်္သာရီတိုင်းမှ ဦးတင်ထွန်း၊ ပဲခူးတိုင်းမှ ဦးရန်ကျော်(ခ)ဦးသိန်းဟန်၊ ရန်ကုန်တိုင်းမှ ဦးစိုးတင့်၊ ရခိုင်ပြည်နယ်မှ ဦးကျော်မြင့်၊ မန္တလေးတိုင်းမှ ဦးတာနော၊ ရန်ကုန်တိုင်းမှ ဦးမင်းမြင့်နှင့် မွန်ပြည်နယ်မှ ဦးတင်ရွှေတို့က **"ဟောဝန်မြိုင်လမ်း"** (ယိုးဒယား) သီချင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အလားတူ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးဂီတာအတီးပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ ဒေါ်နန်းရွှက်နု၊ ဧရာဝတီတိုင်းမှ မလွင်လွင်ချိုထွန်း၊ ပဲခူးတိုင်းမှ မချောယုလင်းနှင့် ရန်ကုန်တိုင်းမှ မရူပါအောင်လွင်တို့က **"ဟောဝန်မြိုင်လမ်း"** (ယိုးဒယား) သီချင်းဖြင့်ပြိုင်ပွဲဝင်ကြသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပသည့် အဆင့်မြင့်ပညာအဆင့် အမျိုးသားဂီတာပြိုင်ပွဲ၌ ဧရာဝတီတိုင်းမှမောင်သန့်ဇင်၊ မန္တလေးတိုင်းမှ မောင်ဉာဏ်ဝင့်ထက်၊ ပဲခူးတိုင်းမှ မောင်သူရနှင့် မန္တလေးတိုင်းမှ မောင်မြင့်ဇော်တို့က **"နန်းဘုံသီတာဖွေ"** (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊အဆင့်မြင့်ပညာအဆင့် အမျိုးသမီး ဂီတာပြိုင်ပွဲ၌ ရန်ကုန်တိုင်းမှ မဆုလဲ့ရည်အောင်၊ မန္တလေးတိုင်းမှ မဝင်းသီဂီကျော်၊ ရန်ကုန်တိုင်းမှ မစံပယ်ဖြူသိန်းနှင့် မန္တလေးတိုင်းမှ မလှလှဝင်းတို့က **"စည်တော်ကြီး"** (ကာလပေါ်)သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၀) နှစ်မှ (၁၅)နှစ်အထိ အမျိုးသား ဂီတာ ပြိုင်ပွဲ၌ ပဲခူးတိုင်းမှ မောင်နန်းတိမ်ယံထွန်း၊ ရန်ကုန်တိုင်းမှ မောင်မင်းထွဋ်နှင့် မောင်စည်သူထွန်းတို့က **"သီလွှာမြေယံ"**(ကြိုး)သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့်အသက်(၁၀)နှစ်မှ (၁၅)နှစ်အထိအမျိုးသမီးဂီတာပြိုင်ပွဲ၌ ရန်ကုန်တိုင်းမှ မမေအေးအေးချမ်းနှင့် မခင်မြင့်မြတ်အောင်၊ ရှမ်းပြည်နယ်မှ မနန်းခင်မေဖူးဟန်နှင့် ဧရာဝတီတိုင်းမှ မမေမြတ်တင်တို့က **"သီလွှာမြေယံ"** (ကြိုး) သီချင်းဖြင့် လည်းကောင်း အသီးသီးပါဝင် ပြိုင်ပွဲဝင်ကြသည်။

ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲ

ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲကို နံနက်၉နာရီတွင် စိုက်ပျိုးရေး တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ စတင် ကျင်းပရာ စစ်ကိုင်းတိုင်းမှ ဦးဆန်းအောင်(ခ) ရွှေကျည်ဆံအဖွဲ့၊ ဧရာဝတီတိုင်းမှ ဦးမောင်မောင်အဖွဲ့၊ မန္တလေးတိုင်းမှ မောင်ရှိုင်းအောင်အဖွဲ့၊ မကွေးတိုင်းမှ ဦးမြမင်းအောင်အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်ကျော်ဇင်မင်း (ခ) ရန်ကုန်ရူပံအဖွဲ့၊ ပဲခူးတိုင်းမှ ပတ္တမြားကုလား(ခ) ကျော်ကျော်လင်းအဖွဲ့၊ မန္တလေးတိုင်းမှ ဂန္ထဝင်စစ်သွေးအဖွဲ့၊ ရန်ကုန်တိုင်းမှ ဦးအောင်မြင့်ဗိုလ်အဖွဲ့နှင့် မွန်ပြည်နယ်မှ ချစ်မိုးလျှံအဖွဲ့တို့ တီးမှုတ်ယှဉ်ပြိုင်ကြသည်။

အခြေခံပညာအဆင့်အသက်(၁၅) နှစ်မှ(၂၀) အထိ အမျိုးသားနဲ့ပြိုင်ပွဲကို နံနက် ၉ နာရီတွင် စိုက်ပျိုးရေး သုတေသနဦးစီးဌာန စုဝေးခန်းမ၌ ကျင်းပရာ**"ညဦးသုံးယံခါ"**(ပတ်ပျိုး) သီချင်းဖြင့် စစ်ကိုင်းတိုင်းမှမောင်သိန်းဆွေမြင့် (ခ) စိုးကိုကို၊ မွန်ပြည်နယ်မှ မောင်ချစ်ဖြိုးလျှံ၊ မန္တလေးတိုင်းမှ မောင်ဇင်ဝိုင်း၊ ရန်ကုန်တိုင်းမှ မောင်ကောင်းမြတ်ဝေ၊မန္တလေးတိုင်းမှ မောင်စည်သူဖြိုးနှင့် ရန်ကုန်တိုင်းမှ မောင်ထွန်းနန္ဒတို့ ပြိုင်ပွဲဝင်ကြသည်။

ယှဉ်ပြိုင်

ထို့နောက်မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ(၁၅) နှစ်အထိ အမျိုးသားနဲ့ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ **"မှန်ညောင်သဒ္ဒာ"** (ဝတ်ရုံတော်ဘွဲ့)သီချင်းဖြင့် ဧရာဝတီတိုင်းမှမောင်ပြည့်ဖြိုးအောင်၊ မန္တလေးတိုင်းမှ မောင်ရဲသူရအောင်၊ ရန်ကုန်တိုင်းမှ မောင်ငြိမ်းဝင်းမိုး၊ မန္တလေးတိုင်းမှ မောင်နေဇော်ဦး၊ ပဲခူးတိုင်းမှ မောင်ကြည်လင်နှင့် ရန်ကုန်တိုင်းမှ မောင်စိုးသီဟတို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ယင်းနောက် အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ်အထိ အမျိုးသားနဲ့ပြိုင်ပွဲကိုကျင်းပရာ**"သာယာ"** (ကြိုး)သီချင်းဖြင့် မန္တလေးတိုင်းမှ မောင်ရာဇာဖြိုး၊ ရန်ကုန်တိုင်းမှ မောင်ချမ်းလွင်မိုးနှင့် မောင်မင်းမော်ဟန်၊ မန္တလေးတိုင်းမှ မောင်ရန်ကျော်မျိုးတို့ ပါဝင်ပြိုင်ပွဲဝင်ကြသည်။

(သတင်းစဉ်)

■ *ကျောဖုံးမှ*

ဖွင့်လှစ်ပေးခဲ့

တနင်္သာရီတိုင်း မြိတ်မြို့ရှိ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) မြိတ်တက္ကသိုလ်၏ ပင်မလေးထပ်ဆောင်ဖွင့်ပွဲအခမ်းအနားကို ၂၀၀၈ခုနှစ် မတ်၃ရက်က ကျင်းပခဲ့သည်။

ပေါ်ထွန်းခဲ့

မြိတ်တက္ကသိုလ်တွင် ခေတ်မီစာသင်ခန်း ၇၀ကျော်နှင့် ခန်းမကြီးများ၊ အဆင့်မြင့်စာကြည့်တိုက်နှင့် e-Learning Centre များ ပါဝင်သည်။ ယခုကဲ့သို့ လေးထပ်ပင်မအဆောက်အအုံကြီး ပေါ်ထွန်းလာခဲ့ခြင်းသည် ဒေသအတွင်း အဆင့်မြင့်ပညာသင်ယူနိုင်ခွင့် အခွင့်အလမ်းကောင်းများ တိုးပွားဖြစ်ထွန်းလာခြင်းပင်ဖြစ်သည်။

ပို့ချ

မြိတ်တက္ကသိုလ်ကို ၁၉၉၉ခုနှစ်တွင် မြိတ်ကောလိပ်အဖြစ် စတင်ဖွင့်လှစ်ခဲ့သည်။ ဒီဂရီကောလိပ်အဖြစ် ၂၀၀၁ ခုနှစ်တွင် အဆင့်မြှင့်ခဲ့ပြီး တက္ကသိုလ်အဖြစ် ၂၀၀၃ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။ မြိတ်တက္ကသိုလ်တွင် ကျောင်းသား ကျောင်းသူများအား အထူးပြုဘာသာရပ် ၁၃မျိုးဖြင့် သင်ကြားပို့ချပေးလျက်ရှိသည်။

ခံ့ညားစွာ

မြိတ်တက္ကသိုလ် ပင်မလေးထပ်ဆောင်မှာ အလျား ၃၈၅ ပေ၊ အနံ ၂၈၁ ပေရှိသည့် သံကူကွန်ကရစ် အဆောက်အအုံဖြစ်သည်။ စာသင်ခန်း ၆၉ခန်း၊ အစည်းအဝေးခန်းတစ်ခန်း၊ စာကြည့်တိုက်တစ်ခန်း၊ ရုံးခန်းသုံးခန်း၊ Computer Room တစ်ခန်း၊ e-Learning Centre တစ်ခန်း၊ Language Lab တစ်ခန်း၊ လူ ၁၂၀၀ဆံ့ အစည်းအဝေး ခန်းမကြီးတစ်ခန်း၊ အဏ္ဏဝါဗေဒပြခန်း တစ်ခန်းတို့ဖြင့် စနစ်တကျ သပ်ရပ်ခံ့ညားစွာ ဖွဲ့စည်းတည်ဆောက်ထားသည့် အဆောက်အအုံသစ်ကြီးဖြစ်ပါကြောင်း သတင်းမှတ်စုမှတ်တမ်းပြုလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

အိန္ဒိယတောင်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်း ပြည်သူအများ ရေဘေးဒုက္ခကြုံတွေ့နေကြရ

ချန်နိုင်း အောက်တိုဘာ ၂၂

အိန္ဒိယနိုင်ငံတောင်ပိုင်း၌ လွန်ခဲ့သောရက်များက မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရေကြီးမှုများဖြစ်ပေါ်လျက်ရှိကြောင်း**(အောက်ပုံ)** အိန္ဒိယ အရေးပေါ် ကယ်ဆယ်ရေးဌာနက ကြေညာသည်။

ကြုံတွေ့နေရ

ယင်းရေကြီးမှုကြောင့် ချန်နိုင်းမြို့ လမ်းများပေါ်တွင် ရေများလွှမ်းခဲ့ပြီး ယာဉ်သွားလာမှုများ ရပ်ဆိုင်းထားရသည်။ ယင်းမြို့ရှိ မြေနိမ့်ပိုင်းဒေသများနေ ပြည်သူအများစုမှာ ရေဘေးဒုက္ခနှင့် ကြုံတွေ့နေရကြောင်း သိရသည်။ **(အင်တာနက်)**

တရုတ်အနောက်မြောက်ပိုင်း၌ ဆီးနှင်းများထူထပ်စွာကျဆင်းခဲ့

စင်ကျန်း အောက်တိုဘာ ၂၂

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း၌ အောက်တိုဘာ၂၁ရက်က ဆီးနှင်းများ ထူထပ်စွာကျဆင်းခဲ့မှုကြောင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများ ကြုံတွေ့လျက်ရှိကြောင်း အင်တာနက်၌ သတင်းဖော်ပြသည်။

ယင်းသို့ ဆီးနှင်းများ ထူထပ်စွာကျဆင်းမှုကြောင့် စက်မှုလုပ်ငန်းနှင့် ပို့ဆောင်ရေးလုပ်ငန်းများ ထိခိုက်လျက်ရှိပြီး လမ်းများပေါ်၌ မော်တော်ယာဉ်များ ရပ်နားထားရကြောင်း သတင်း၌ ဆက်လက်ဖော်ပြသည်။

(အင်တာနက်)

မူးယစ်ဆေးဝါးအသိပညာပေးပြခန်း ဗိုလ်စိန်မှန်အားကစားကွင်း၌ပြသမည်

ရန်ကုန် အောက်တိုဘာ ၂၂

ဗဟန်းမြို့နယ်နှင့် တာမွေမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းတို့ ပူးပေါင်း၍ မူးယစ်ဆေးဝါး အသိပညာပေးပြခန်းနှင့် ဈေးပွဲတော်ကို အောက်တိုဘာ ၂၄ရက်မှ ၂၉ရက်အထိ နံနက်၁၀နာရီမှ ည၁၀နာရီအထိ ဗိုလ်စိန်မှန်အားကစားကွင်း ဗဟန်းမြို့နယ်၌ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

(၁၃၅)

အနုအလှ အလင်္ကာ

◆ အဆိုအက အရေးအတီး
ပြိုင်ပွဲကြီး ကျင်းပလာ၊
တစ်ဆယ့်ခြောက်ကြိမ် သဘင်ပွဲ
နွှဲတဲ့ ချိန်ခါ၊
သုခုမ အစဉ်အလာ
အလင်္ကာ သီကျူး။
သွေးချင်းဆုံ စုံညီတွေ့
ကြည်မွေ့ ရွှင်မြူး။

◆ ဆိုမယ်တဲ့ ကမယ်
ရေးမယ်တဲ့ တီးမယ်၊
နားဝင်ချို အမြင်အေးတယ်ကွဲ့
ယဉ်ကျေးလှတယ်၊
ဖော့ဖယောင်းနှယ်သို့
ပျော့ပျောင်းတဲ့ ကကြိုးသွယ်
လှမျိုးနွယ် နွဲ့နှောင်း။
နှလုံးဘဝင်....
အပြုံးဆင် အယဉ်ဆင့်တယ်
တင့်ပါဘိတောင်း။

◆ ပွဲသဘင် နွှဲယှဉ်မြူး
ကြည်နူးတဲ့ ချိုမျက်နှာ၊
အနုပညာ အမွေအနှစ်ကို
ချစ်မြတ်နိုးကာ၊
မြန်မာ့စရိုက် လက္ခဏာ
အသက်ပမာ တည်စွဲ။
အတွေးမှန် သွေးမာန်နိုးတယ်
မျိုးဂုဏ်မြှင့်ပွဲ။ ။

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးအား ဂုဏ်ပြုလျက်-

ရေနံ့သာမောင်ကျော်ညွန့်



(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဘူရိဒတ်ဇာတ်တော်ကြီးပြိုင်ပွဲတွင် မကွေးတိုင်း ကိုယ်စားပြု ဇာတ်အဖွဲ့ ယှဉ်ပြိုင်စဉ်။

ဓာတ်ပုံလက်စွမ်း
တင်စိုး (မြန်မာ့အလင်း)

စာမျက်နှာအပြင်အဆင်
ထိန်လင်း

မြန်မာ့အခြေခံ ဇာတိမာန် မှုမှန်ရှေးရှု ယဉ်ကျေးမှု

နှဲပြိုင်ပွဲ

အခြေခံပညာ အဆင့် (၅-၁၀) နှစ် နှဲပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ မောင်မင်းမော်ဟန် ဤသို့ တီးမှုတ် ယှဉ်ပြိုင်ခဲ့သည်။

အသက်(၅)နှစ်မှ(၁၀)နှစ်အထိ အခြေခံပညာအဆင့် အမျိုးသမီး မဟာဂီတအဆိုပြိုင်ပွဲတွင် ချင်းပြည်နယ်မှ မအက်စတာဒေါ်သ်ချင်းဆုန် သီဆို ယှဉ်ပြိုင်ဟန်။

အမျိုးသားအက

အခြေခံပညာ အဆင့် (၅-၁၀)နှစ် အမျိုးသား အကပြိုင်ပွဲတွင် မန္တလေးတိုင်းမှ မောင်သန်းတိုးအောင်၏ ကဟန်သွက်သွက်....။

ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား၊ အမျိုးသမီး သီချင်းအရေးပြိုင်ပွဲ၌ မွန်ပြည်နယ်မှ ဦးထွန်းအုပ်ကျော် ပါဝင်ရေးဖွဲ့ ယှဉ်ပြိုင်မှုကို ဖော်ကျူးရာတွင်....။

ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲတွင် မန္တလေးတိုင်းမှ ဂန္ဓဝင်စစ်သွေးအဖွဲ့ ဤသို့ မြိုင်မြိုင်ဆိုင်ဆိုင် ပြိုင်ပွဲဝင် ယှဉ်ပြိုင်ခဲ့ကြသည်။

သွားကျန်းမာရေး စောင့်ရှောက်မှုကဏ္ဍနှင့် ဖလိုရိုဒ် သွားတိုက်ဆေးများ

သွားပိုးစားရောဂါသည် ကမ္ဘာပေါ်တွင် လူ့ယဉ်ကျေးမှုအစ ကစီဓာတ်ပါသည့် ပြောင်း၊ဂျုံ၊စပါးတို့ကို စိုက်ပျိုးချက်ပြုတ် စားသောက်သည့် အလေ့အထနှင့်အတူ ပေါ်ပေါက်ခဲ့ရသည့်အတွက် လူ့ယဉ်ကျေးမှု ရောဂါဟူ၍ပင် တင်စားခဲ့ကြရပါသည်။ သွားဘက်ဆိုင်ရာဆေးပညာ စတင်ထွန်းကား လာသည့်တိုင် သွားပိုးစားရောဂါအတွက် သွားနုတ်ခြင်း၊ စိုက်ခြင်း၊ ဖာခြင်းကိုသာ အဓိကထား ဆောင်ရွက်နိုင်ခဲ့ကြပါသည်။ သွားပိုးစားရောဂါ၏ နောက်ဆက်တွဲ သွားကိုက်ခဲသည့် ဝေဒနာမှအစပြု၍ လူ့ကျန်းမာရေးအခြေအနေ အရပ်ရပ်ကိုပါ ထိခိုက်သည်ကို သိလာသည့်တိုင် ရောဂါမဖြစ်ခင်ကတည်းက ထိထိရောက်ရောက်ကြိုတင် ကာကွယ်နိုင်မည့်နည်းလမ်းကို ၁၉ ရာစုအထိ မတွေ့ရှိနိုင်ခဲ့ကြပေ။

၁၉၀၈ခုနှစ်မှအစပြု၍ အမေရိကန်နိုင်ငံမှ သွားဆရာဝန် Dr. Frederick Mc Kay ၏ သုတေသနတွေ့ရှိချက်များနှင့် ၎င်းနောက်ပိုင်း Dr.H Trendly Dean ၏ ဆက်လက်သုတေသနပြုချက်များအရ ဖလိုရိုဒ်ဓာတ်ကို အချိုးမှန်စွာ ရရှိစေခြင်းဖြင့် သွားပိုးစားရောဂါ ဖြစ်ပွားမှုကို ဟန့်တားနိုင်ကြောင်း တွေ့ရှိခဲ့ကြရသည်။ ဤသုတေသနတွေ့ရှိချက်၏ လက်တွေ့အကျိုးမှာ ၁၉၄၅ ခုနှစ်တွင် ပထမဆုံးအကြိမ် သောက်ရေထဲတွင် ဖလိုရိုဒ်ဓာတ်ကို အချိုးအစားမှန်စွာ ထည့်သွင်း ဖြန့်ဖြူးပေးသည့် (Community water fluoridation) စနစ် ပေါ်ပေါက်ခဲ့ခြင်း ဖြစ်ပါသည်။ ယခုဆိုလျှင် ကမ္ဘာ့နိုင်ငံပေါင်း ၄၀တွင် သောက်ရေ၌ ဖလိုရိုဒ်ထည့်သွင်း ဖြန့်ဖြူးလျက်ရှိပါသည်။ ဤစနစ်တွင် အားနည်းချက်များစွာ ရှိပါသည်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ကုန်ကျစရိတ်များပြားခြင်း၊ ကျေးရွာများအထိ ရေပိုက်နှင့် ရေသွယ်ဖြန့်ဖြူးရေး စနစ် ပြုလုပ်ပေးရန် မလွယ်ကူခြင်း၊ သဘာဝရေမြေအရ ဖလိုရိုဒ်များနေသည့် ဒေသများအတွက် သောက်သုံးမိသူများတွင် ဖလိုရိုဒ်ဓာတ်လွန်သည့် သွားနှင့် အရိုးပြဿနာများ ရရှိစေခြင်းတို့ဖြစ်ပါသည်။ ထို့ကြောင့် အခြားနည်းလမ်းများ ရှာခဲ့ကြပြန်ရာ အိမ်သုံးဆားနှင့် နွားနို့တွင် ဖလိုရိုဒ်ဓာတ်ထည့်သွင်းဖြန့်ဖြူးသည့် စနစ်များ ပေါ်ပေါက်လာခဲ့ပါသည်။ နိုင်ငံတိုင်းအတွက်တော့ အသုံးမဝင်လှပါ။

၁၉၄၅ ခုနှစ်ကတည်းကပင် သုတေသီများက သွားတိုက်ဆေးထဲတွင် ဖလိုရိုဒ်ဓာတ်ထည့်၍ စမ်းသပ်ခဲ့ကြပါသည်။ ဖလိုရိုဒ်ဓာတ်ပါသည့် သွားတိုက်ဆေးနှင့် နေ့စဉ်သွားတိုက်မည်ဆိုလျှင် သွားနှင့်ခံတွင်းကိုလည်း သန့်ရှင်းစေမည်၊ လိုအပ်သော ဖလိုရိုဒ်ဓာတ်နှင့်လည်း ထိတွေ့စေမည်ဖြစ်သဖြင့် သေချာပေါက် အောင်မြင်မည်ဟု မျှော်လင့်ခဲ့ကြသော်လည်း သွားပိုးစားရောဂါကို ကာကွယ်နိုင်သည့် အထောက်အထား မတွေ့ခဲ့ကြရပါ။

၁၉၆၁ခုနှစ်ရောက်မှ Ericsson ဆိုသည့် သုတေသီက အဖြေရှာနိုင်ခဲ့ပါသည်။ ဆေးအလို့ငှာ ထည့်လိုက်သည့် ဖလိုရိုဒ်မှာ သွားတိုက်ဆေးဖော်စပ်ရာတွင် အသုံးပြုနေကျ ကယ်လ်ဆီယမ်ဓာတ်ပေါင်း နှစ်မျိုးဖြစ်သည့် Calcium Carbonate နှင့် Dicalcium Phosphate တို့နှင့် သွားတိုက်ဆေးဘူးထဲတွင်ပင် ဓာတ်ပြုသွားပြီး သွားပိုးစားရောဂါကို ဟန့်တားရန်လိုအပ်သည့် ဖလိုရိုဒ် (Free available fluoride) မကျန်တော့သည့် အကြောင်းရင်းကို ဖော်ထုတ်နိုင်ခဲ့သည်။

အကျဉ်းဆိုရလျှင် ၎င်းတွေ့ရှိချက်၏ နောက်ပိုင်းတွင် ဖလိုရိုဒ်သွားတိုက်ဆေးအသစ်များ ပေါ်ပေါက်ခဲ့ပြီး Crest သွားတိုက်ဆေးမှာ ကမ္ဘာပေါ်တွင် သွားပိုးစားရောဂါကို ပထမဦးဆုံး ထိရောက်စွာကာကွယ်နိုင်သည့် သွားတိုက်ဆေးအဖြစ် မှတ်တမ်းတင်ခဲ့ကြရသည်။ ယနေ့ဆိုလျှင် ဖွံ့ဖြိုးပြီးနိုင်ငံများ၌ သွားတိုက်ဆေးဈေးကွက်၏ ၉၀ ရာခိုင်နှုန်းအထက်မှာ ဖလိုရိုဒ်သွားတိုက်ဆေးများဖြစ်ပြီး ဖော်မြူလာ မှန်ကန်စွာ ထုပ်ပိုး-ဖော်ပြမှုစနစ်များ၊ သုံးစွဲရန်အညွှန်းများပါ အလေးထား ထုတ်လုပ်လျက်ရှိပါသည်။ ၎င်းနိုင်ငံများအတွက် အဓိကရရှိသည့်အကျိုးမှာ ၁၀နှစ်တာကာလအတွင်း သွားပိုးစားရောဂါ ဖြစ်ပွားနှုန်းနှင့် ၎င်းရောဂါနှင့် ဆက်စပ်သည့် သွားနှင့်ခံတွင်း ကျန်းမာရေး ပြဿနာများ မျှော်လင့်သည်ထက် ထူးခြားစွာ ကျဆင်းသွားသဖြင့် သွားတက္ကသိုလ်များကိုပင် လျှော့ချရသည်အထိ ဖြစ်ခဲ့ရပါသည်။

၎င်းကဲ့သို့ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် သွားကျန်းမာရေး မြင့်မားနေလင့်ကစား ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အာနိသင်ပြည့်ဝသည့် သွားတိုက်ဆေးများကို ထုတ်လုပ်နိုင်ရန် နည်းပညာလည်း အပြည့်အဝမရောက်ခဲ့ပါ။ သွားဘက်ဆိုင်ရာ ဆေးပညာရှင်များကလည်း မည်သို့ဖော်စပ်ရမည် ဆိုသည်အထိ အသိပညာပေးလုပ်ငန်းများ မလုပ်နိုင်ခဲ့သေးပါ။ ထို့ကြောင့် ယနေ့အထိ ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများ၏ သွားပိုးစားရောဂါပြဿနာမှာ ကြီးထွားဆဲပင် ဖြစ်ပါသည်။ စစ်တမ်းတစ်ခုအရ သွားပိုးစားရောဂါနှင့် သွားဖုံးရောဂါကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများမှ လုပ်အားနှင့် စာသင်ကြားမှု ပျက်ရသည်မှာ အခြားနာတာရှည်ရောဂါများနှင့် တန်းတူပင်ဖြစ်ကြောင်း သိရှိရပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှလည်း သွားကျန်းမာရေး မြင့်မားလာသည့် နိုင်ငံအသီးသီးတွင် မည်သည့်နည်းစနစ်ဖြင့် ဖလိုရိုဒ်ဓာတ်ကို ရရှိစေသည်ဆိုစေကာမူ အာနိသင်ပြည့်ဝသည့် ဖလိုရိုဒ်သွားတိုက်ဆေးများနှင့် အချိန်မှန်သွားတိုက်သည့် အလေ့အထမှာ အဓိကအရေးပါသည့် အချက်ဖြစ်ပြီး နိုင်ငံတိုင်း၏ သွားကျန်းမာရေး မြှင့်တင်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် လူထုအတွက် ဈေးနှုန်းချိုသာပြီး အာနိသင်ပြည့် ဖလိုရိုဒ်သွားတိုက်ဆေးများ ပေါ်ထွန်းရေးကို အစိုးရဌာနများမှ ဦးဆောင်၍ ဆေးပညာရှင်များအပါအဝင် ပုဂ္ဂလိက ထုတ်လုပ်သူများအထိ တက်ညီလက်ညီ ပါဝင်ဆောင်ရွက်နိုင်ရန် အမြဲတမ်း အကြံပြုလျက်ရှိပါသည်။

တစ်ဖန် ၂၀၀၇ ခုနှစ် စက်တင်ဘာလတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၊ ကမ္ဘာ့သွားနှင့်ခံတွင်းကျန်းမာရေးအသင်း (FDI)၊ နိုင်ငံတကာ သွားနှင့်ခံတွင်းသုတေသနအသင်း (IADR) နှင့် တရုတ်နိုင်ငံ ခံတွင်းဘက်ဆိုင်ရာ ဆေးပညာအသင်း (CSA)တို့ ပူးပေါင်းဆောင်ရွက်သည့် အစည်းအဝေးကြီး၏ ကြေညာစာတမ်းတွင်လည်း သွားနှင့်ခံတွင်း ပြဿနာများကို ဖြေရှင်းရန် အစိုးရအဖွဲ့အစည်းများနှင့်အတူ သွားဘက်ဆိုင်ရာ၊ ဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးနှင့် ပညာရေးဌာန၊ စက်မှုကုန်ထုတ်ကဏ္ဍတို့ အပါအဝင် ပူးပေါင်းဆောင်ရွက်ကြပြီး ဖလိုရိုဒ်သွားတိုက်ဆေးများ လူတိုင်း အဖိုးနှုန်းချိုသာစွာ ဝယ်ယူအသုံးပြုနိုင်ရေး ကြိုးပမ်းပေးနိုင်ရန် တိုက်တွန်းထားပါသည်။ သို့မှသာ ကလေးသူငယ်များအပါအဝင် လူထုတစ်ရပ်လုံးအတွက် သွားနှင့်ခံတွင်းရောဂါများ လျော့ကျပြီး ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက်များ ပြည့်မီရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း ဖော်ပြထားပါသည်။

သွားကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ

မြန်မာနိုင်ငံအနေဖြင့် သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုကို ကျေးရွာများနှင့် ဝေးလံဒေသများထိ ရောက်ရှိစေရန် ပဏာမသွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုစီမံချက်ကို ၁၉၉၁ခုနှစ်ကတည်းက စတင် အကောင်အထည်ဖော်ခဲ့ပါသည်။ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် စီမံချက်ပင် ဖြစ်ပါသည်။ ကျန်းမာရေးဝန်ကြီးဌာန၏ အဓိကရည်ရွယ်ချက်ကိုအကောင်အထည်ဖော်သည့်အနေဖြင့် အခြေခံကျန်းမာရေး ဝန်ထမ်းများကို သင်တန်းများပေးခဲ့ပြီး သွားကျန်းမာရေး ပညာပေးခြင်းလုပ်ငန်း၊ အခြေခံနှင့် အရေးပေါ်သွားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်စေခဲ့ပါသည်။ ထူးခြားချက်တစ်ခုမှာ စီမံချက်ဝင်မြို့နယ်များမှ မူလတန်း ကျောင်းသားကျောင်းသူများအတွက် နေ့လယ်စာစားအပြီး ကျောင်းတွင်း သွားတိုက်လေ့ကျင့်ခန်းများ ပျိုးထောင်ပေးခဲ့ပြီးနောက် လေ့ကျင့်ခန်းများ စတင်နိုင်ရန်၊ သွားတိုက်ဆေးနှင့် သွားပွတ်တံများကိုလည်း အခမဲ့ ထောက်ပံ့ပေးခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် ဤစီမံချက်မှစတင်၍ပင် ပညာပေးနံရံကပ်များ၊ လက်ကမ်းစာစောင်များနှင့်အတူ မြန်မာ့ရုပ်မြင်သံကြားမှ စနစ်မှန် သွားတိုက်နည်းစနစ်များကို ထပ်မံဖြန့်ချိခဲ့ပြန်ပါသည်။ သွားဘက်ဆေးဘက် ပညာရှင်များမှစ၍ ပြည်သူလူထုအတွင်းထိ သွားတိုက်ဆေးတွင် ဖလိုရိုဒ်ပါရှိမှသာ ရောဂါကို ကာကွယ်နိုင်

ဒေါက်တာကိုကိုမော်

ကြောင်း စတင်ပညာပေးခဲ့ခြင်းဖြစ်သည်။ စီမံချက်ဝင်မြို့နယ်များကို နှစ်စဉ်တိုးချဲ့အကောင်အထည်ဖော်ခဲ့ရာ ယနေ့အထိ စီမံချက်မြို့နယ် ၁၁၂ မြို့နယ်အထိ ကျယ်ပြန့်နေပြီး နယ်စပ်ဒေသများအထိ ဖြန့်ကြက်လျက်ရှိပါသည်။

အာနိသင်ရှိသည့် သွားတိုက်ဆေး ရွေးချယ်ရသည့်အခက်အခဲကို ဖြေရှင်းနိုင်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်သော နယ်သာလန်နိုင်ငံ အခြေစိုက် သွားနှင့်ခံတွင်း ကျန်းမာရေးမြှင့်တင်ရေးဌာနနှင့် ပူးပေါင်း၍ ၂၀၀၀ ပြည့်နှစ်အစကတည်းက သွားတိုက်ဆေးများ၏ အာနိသင်ကို ကျန်းမာရေးဦးစီးဌာနက စတင်စမ်းသပ်ခဲ့ရပြန်ပါသည်။ ၂၀၀၀-၂၀၀၁ ခုနှစ်တွင် ပုဂ္ဂလိကနှင့် အစိုးရထုတ် ဖလိုရိုဒ်သွားတိုက်ဆေးနှစ်မျိုးပေါ်ပေါက်ခဲ့သော်လည်း ကျန်ပစ္စည်းများမှာ နိုင်ငံခြားမှတင်သွင်းလာရသည့် ဖလိုရိုဒ်သွားတိုက်ဆေးများသာဖြစ်သည်။ အမျိုးပေါင်း ၂၀ကျော် စစ်ဆေးခဲ့ရာ နာမည်ရသွားတိုက်ဆေးများမှအပ ကျန်သွားတိုက်ဆေးများမှာ ဖလိုရိုဒ်အာနိသင်ပြည့်ဝစွာ မပါဝင်ရုံမက အခြား စံချိန်စံညွှန်းများလည်း မပြည့်စုံနိုင်သေးပါ။ ထို့ကြောင့် နယ်သာလန်နိုင်ငံ သွားနှင့်ခံတွင်း ကျန်းမာရေးမြှင့်တင်ရေးအဖွဲ့နှင့်ပူးပေါင်း၍ပင် ၂၀၀၁ခုနှစ်မှ အစပြု၍ ဖလိုရိုဒ်နှင့်ပတ်သက်သည့် သုတေသနများကို အခြေခံဆောင်ရွက်ခဲ့ပြီး လူထုအတွက် အဖိုးနှုန်းချိုသာပြီး ဖလိုရိုဒ်အာနိသင် အပြည့်အဝပါရှိသည့် သွားတိုက်ဆေးများပေါ်ထွန်းရေး အသိပညာပေးစီမံချက်ကို ၂၀၀၂ခုနှစ်မှအစပြု၍ ကျန်းမာရေးဦးစီးဌာန သွားနှင့်ခံတွင်းဌာနစိတ်မှ ဆောင်ရွက်ခဲ့ရပြန်ပါသည်။

> **သွားကျန်းမာရေး၏ အဓိကသော့ချက်ဖြစ်သည့် တစ်ကိုယ်ရေကျန်းမာရေး စောင့်ရှောက်မှု တစ်နေ့နှစ်ကြိမ် ဖလိုရိုဒ်သွားတိုက်ဆေးဖြင့် သွားတိုက်သည့် ကျန်းမာရေးအမူအကျင့်ကို စွဲစွဲမြဲမြဲ ဆောင်ရွက်ကြရမည်ဖြစ်။**
>
> **အထူးသဖြင့် ကလေးသူငယ်များ သွားစပေါက်သည့် အချိန်မှစ၍ သွားတိုက်သည့် အလေ့အကျင့်ကို ပျိုးထောင်ရန် အလွန်အရေးကြီး။**

ပြည်တွင်းဖြစ်သွားတိုက်ဆေးထုတ်လုပ်သူများကို ထုတ်လုပ်နေသည့် သွားတိုက်ဆေးအမျိုးအလိုက် လိုအပ်နေသည့် စံချိန်စံညွှန်းများ၊ သွားတိုက်ဆေးဖော်စပ်ရာတွင် ထည့်သွင်းသင့်သည့် ဖလိုရိုဒ်အမျိုးအစားများနှင့် အာနိသင်ပျက်ပြယ်မှု မရှိစေရန် လိုက်ဖက်မည့် အခြားထည့်သွင်းသင့်သည့် ပစ္စည်းများကိုလည်း ပညာပေးခဲ့ပါသည်။

တစ်ဖန် ၂၀၀၆ခုနှစ်တွင် မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ကြီးနှင့်ပူးပေါင်း၍ ဖလိုရိုဒ်သွားတိုက်ဆေးများတွင် ယှဉ်တွဲဖော်ပြရမည့် မြန်မာဘာသာ သုံးစွဲရန် အညွှန်းများ၊ ထုပ်ပိုးမှု၊ ဖော်ပြမှုလိုအပ်ချက်များကို ဖိတ်ခေါ်ဆွေးနွေးပွဲကျင်းပပြီး အသိပညာပေးခဲ့ရပြန်ပါသည်။ ဤစီမံချက်၏ အကျိုးဆက်များမှာ ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးဆဲနိုင်ငံအချို့တွင် မကြာမီနှစ်များအတွင်းဆီက ကြုံတွေ့ခဲ့ရသည့် သွားတိုက်ဆေးအချို့တွင် အဆိပ်အတောက်ဖြစ်စေသောပစ္စည်းများပါဝင်ခြင်းမှ ကာကွယ်နိုင်ခဲ့သည့်အပြင် သွားရောဂါကာကွယ်နိုင်သည့် အာနိသင်ပြည့် သွားတိုက်ဆေးများ ပေါ်ထွန်းလာရုံမက မြန်မာဘာသာဖြင့် သုံးစွဲရန်အညွှန်းများ၊ သတ်မှတ်ထုပ်ပိုးဖော်ပြမှုများကို လိုက်ပါဆောင်ရွက်သည့် ပြည်တွင်းဖြစ် သွားတိုက်ဆေးများ ပေါ်ထွန်းလာခြင်းပင်ဖြစ်ပါသည်။ ယခုဆိုလျှင် အာနိသင်ပြည့် သွားတိုက်ဆေး၁၈မျိုးအထိ ပေါ်ထွန်းလာပြီဖြစ်ပါသည်။ ပြည်တွင်းဖြစ် ဖလိုရိုဒ်သွားတိုက်ဆေး စုစုပေါင်းထုတ်လုပ်မှုကို ကြည့်မည်ဆိုလျှင်လည်း ၂၀၀၂ခုနှစ်တွင် ၇၂၅တန်သာ ထွက်ရှိခဲ့ရာမှ ၂၀၀၇ခုနှစ်တွင် ၁၄၄၈တန်အထိ တိုးတက်ထုတ်လုပ်နိုင်သည်ကို တွေ့ရှိရပါသည်။ ဤအချက်ကို ထောက်ရှုလျှင်ပင် ပြည်သူလူထုအတွင်းတွင် မှန်ကန်သည့် သွားနှင့်ခံတွင်း ကျန်းမာရေးဆိုင်ရာ အလေ့အကျင့်များ တိုးတက်လာကြောင်း ထင်ရှားပါသည်။ ပတ်ဝန်းကျင်နိုင်ငံများအနက် နီပေါနိုင်ငံတွင်လည်း သွားတိုက်ဆေးများတွင် ဖလိုရိုဒ် စတင်ထည့်သွင်းနိုင်ရေး စီမံချက်နှင့်ဆောင်ရွက်ခဲ့သလို ဖိလစ်ပိုင်နိုင်ငံမှာလည်း ကျောင်းတွင်း သွားတိုက်အသင်းများတွင် အသုံးပြုရန် သီးသန့် ဖလိုရိုဒ်သွားတိုက်ဆေးတစ်မျိုး ထုတ်လုပ်နိုင်ခဲ့ကြသည်။

၂၀၀၇ခုနှစ်တွင် နယ်သာလန်နိုင်ငံ၌ ဓာတ်ခွဲစစ်ဆေးချက်များအရ မြန်မာနိုင်ငံ၏ ဖလိုရိုဒ်သွားတိုက်ဆေးများအနက် အာနိသင်ပြည့်သွားတိုက်ဆေးများနှင့် ဖိလစ်ပိုင်နိုင်ငံမှ အာနိသင်ပြည့် သွားတိုက်ဆေးများကို အရည်အသွေး အသိအမှတ်ပြုနိုင်ရန် ၎င်းဌာနတွင် စမ်းသပ်စစ်ဆေးပြီးကြောင်း ဘူးပေါ်တွင် စာတမ်းနှင့် ဖော်ပြခွင့်ကို ၂၀၀၈ခုနှစ် ဇန်နဝါရီလတွင် ပေးအပ်ခဲ့ပါသည်။ သို့သော် ဤအခွင့်အရေးကို အသုံးပြု၍ သုံးစွဲသူများ ဇဝေဇဝါဖြစ်အောင် စီးပွားရေးအလို့ငှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မှ တိုက်ရိုက်ပေးအပ်သကဲ့သို့ မကြော်ငြာကြရန် တားမြစ်ချက်များကိုလည်း ထုတ်ပြန်ထားရပါသည်။ အကြောင်းမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ကုန်ပစ္စည်းအသိအမှတ်ပြုလုပ်ငန်းများ ပြုလုပ်ခြင်းမရှိပါ။

၂၀၀၈ခုနှစ် စက်တင်ဘာလ ၁၂ရက် ပထမအကြိမ် ကမ္ဘာ့ သွားနှင့်ခံတွင်း ကျန်းမာရေးနေ့ အခမ်းအနားတွင် နယ်သာလန်နိုင်ငံမှ သွားနှင့်ခံတွင်း အတိုင်ပင်ခံ ပါမောက္ခကိုယ်တိုင် တက်ရောက်၍ မြန်မာနိုင်ငံ၏ သွားနှင့်ခံတွင်း ကျန်းမာရေးအောင်မြင်မှုကဏ္ဍအား-

"သွားပိုးစားရောဂါ တိုက်ဖျက်ရေးတွင် မြန်မာနိုင်ငံ၏ ထူးခြားတဲ့ အောင်မြင်မှုမှတ်တိုင်တစ်ခု" ဟု ခေါင်းစဉ်တပ်၍ အောက်ပါအတိုင်း ထည့်သွင်းချီးကျူး ဂုဏ်ပြုသွားခဲ့ပါသည်။

"ကမ္ဘာ့အနှံ့တွင် သွားနှင့်ခံတွင်းရောဂါများကြောင့် သွားကျန်းမာရေး ဝန်ထုပ်ဝန်ပိုးမှာ သွားပိုးစားရောဂါနှင့် ၎င်းရောဂါကို ထိထိရောက်ရောက် ကာကွယ်မှုမပေးနိုင်ခြင်းကြောင့် ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ သွားကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းသည် ကမ္ဘာ့ သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှု လမ်းစဉ်များအတိုင်း လိုအပ်ချက်များကို တညီတညွတ်တည်း ပီပြင်အောင် လုပ်ဆောင်ဖြည့်ဆည်းနိုင်ခဲ့ကြောင်း။

အာနိသင်ပြည့် ပြည်တွင်းဖြစ် ဖလိုရိုဒ်သွားတိုက်ဆေး မရှိလောက်အောင် ရှားပါးသည့်အခြေအနေမှ ယခုဖလိုရိုဒ်သွားတိုက်ဆေးများ တွင်ကျယ်သည့် ဈေးကွက်သို့ ပြောင်းလဲလာအောင် ဆောင်ရွက်နိုင်သည့်အတွက် သွားကျန်းမာရေးကို အထောက်အကူပြုရုံမက တစ်နည်းအားဖြင့် အတုအပများ ဝင်ရောက်မည့် အရေးကိုလည်း ကာကွယ်ရာရောက်ကြောင်း၊ လူထုအကျိုးအတွက် ကဏ္ဍအသီးသီးမှ လက်တွဲဖော်များ၏ ပူးပေါင်းပါဝင်မှုနှင့် ယုံကြည်မှုကို ရယူနိုင်သည့် ထူးခြားသည့် အောင်မြင်မှုပင်ဖြစ်ကြောင်း" မြွက်ကြားဂုဏ်ပြု သွားပါသည်။

ကျွန်တော်တို့ မြန်မာနိုင်ငံအနေဖြင့် ယခုဆိုလျှင် ပဏာမ သွားနှင့်ခံတွင်း ကျန်းမာရေး စောင့်ရှောက်မှုစီမံချက်ဖြင့် ကျေးရွာအောက်ခြေအထိ သွားကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက် အကောင်အထည်ဖော်လျက် ရှိနေပြီဖြစ်သည်။ သွားကျန်းမာရေး မြှင့်တင်ရေးအတွက် ရောဂါကာကွယ်ရေးတွင် အဓိကလိုအပ်သည့် အာနိသင်ပြည့် ဖလိုရိုဒ်သွားတိုက်ဆေးများလည်း တွင်ကျယ်စွာ ပေါ်ပေါက်ခဲ့ပြီဖြစ်သည်။ သို့သော် သတိချပ်ရမည်မှာ ဤအချက် နှစ်ချက်တည်းဖြင့် သွားကျန်းမာရေး အလိုအလျောက် တိုးတက်မြင့်မားလာလိမ့်မည်မဟုတ်ပါ။ လူတိုင်းကလည်း ကိုယ့်ဘက်မှ ဝါယမစိုက်ထုတ်ရပါလိမ့်မည်။ သွားကျန်းမာရေး၏ အဓိကသော့ချက်ဖြစ်သည့် တစ်ကိုယ်ရေ ကျန်းမာရေးစောင့်ရှောက်မှု တစ်နေ့နှစ်ကြိမ် ဖလိုရိုဒ်သွားတိုက်ဆေးဖြင့် သွားတိုက်သည့် ကျန်းမာရေးအမူအကျင့်ကို စွဲစွဲမြဲမြဲ ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ အထူးသဖြင့် ကလေးသူငယ်များ သွားစပေါက်သည့် အချိန်မှစ၍ သွားတိုက်သည့် အလေ့အကျင့်ကို ပျိုးထောင်ရန် အလွန်အရေးကြီးပါသည်။ ၎င်းအတွက် ရရှိမည့်အကျိုးကို ဖော်ပြပါမည်။ ကမ္ဘာ့သွားနှင့်ခံတွင်းသုတေသနများ၏ တွေ့ရှိချက်အရ နှစ်နှစ်အတွင်းတွင် ရောဂါ ၄၀ ရာခိုင်နှုန်း လျော့ကျ၍ တစ်ဘဝလုံးအတွက်ဆိုလျှင် သွားပိုးစားရောဂါနှင့် ၎င်း၏ ကွင်းဆက်ပြဿနာများကို မကြုံရအောင် ရှောင်ရှားနိုင်မည် ဖြစ်ပါသည်။ **"အာရောဂျံ ပရမံလာဘံ"** ဆိုသည့် အဆုံးအမနှင့်အညီ ခံတွင်းကျန်းမာ၍ ဘဝချမ်းသာမှုကို မလွဲမသွေ ရရှိကြလိမ့်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

မျိုးဆက်သစ်အနုပညာပန်းများ ပွင့်လန်းတင့်ဆန်းအံ့ဘနန်း

သတင်းခရီးသည် - မောင်မောင်မြင့်ဆွေ ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်

နေပြည်တော် အောက်တိုဘာ ၂၂ ဖက်(စ်)

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ သတ္တမမြောက်နေ့ ပြိုင်ပွဲများကျင်းပရာ နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေသို့ ရောက်ရှိချိန်၌ ရှမ်းရိုးမတောင်တန်းပေါ် မြူနှင်းတို့ဝေနေဆဲ၊ အေးချမ်းမှု၊ သာယာမှုတို့အပြင် အစစအရာရာ အဆင်ပြေအောင် ဖြည့်ဆည်းပေးထားသဖြင့် ပြည်နယ်နှင့် တိုင်းအသီးသီးမှ ပြိုင်ပွဲဝင်များ စိတ်အေးချမ်းမြေ့စွာ ယှဉ်ပြိုင်နေကြဆဲ....။

မကြာခင်အချိန်မှာပင် တည်းခိုရာနေရာများမှ ပြိုင်ပွဲဝင်များ မော်တော်ယာဉ်များဖြင့် ရောက်ရှိလာသဖြင့် ပြိုင်ပွဲခန်းမ အသီးသီးသို့ သွားရောက်ကာ ပြည်နယ်နှင့် တိုင်းများမှ ပြိုင်ပွဲဝင်များနှင့် တွေ့ဆုံမေးမြန်းခဲ့မှုများကို စုစည်းဖော်ပြလိုက်ပါသည်။

ဦးတိုင်းကျော် (မွန်ပြည်နယ်အသင်း အုပ်ချုပ်သူ)

"ဒီနှစ်မှာ မွန်ပြည်နယ်အသင်းအနေနဲ့ မနှစ်ကထက် ပြိုင်ပွဲဝင်ဦးရေ ပိုများတယ်၊ ပြဇာတ်နဲ့ ခေတ်အကြိုက်တေး ပြိုင်ပွဲတွေလဲ ဝင်ပြိုင်ကြတာဆိုတော့ ပြိုင်ပွဲဝင်ဦးရေ များသွားတာပေါ့၊ ပြိုင်ပွဲတစ်ခုချင်းအလိုက် သေသေချာချာ စိစစ်ရွေးချယ်ခဲ့တာမို့ အခုဒီပြိုင်ပွဲကြီးမှာ ကျွန်တော့် ပြိုင်ပွဲဝင်ကလေးတွေ အားရကျေနပ်အောင် ယှဉ်ပြိုင်နိုင်ခဲ့ကြပါတယ်၊ ဒါကြောင့် ဒီနှစ်တော့ ရွှေတံဆိပ်တွေ မနှစ်ကထက် ပိုရလိမ့်မယ်လို့ မျှော်မှန်းထားပါတယ်။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ်အသင်း အုပ်ချုပ်သူအဖြစ် ဒီပြိုင်ပွဲကြီး စတင်ကျင်းပကတည်းက အခုအထိ နှစ်စဉ်မပျက် တာဝန်ယူခဲ့တာပါ။ ပြည်နယ်နဲ့ တိုင်းအသီးသီးက အနုပညာညီအစ်ကိုမောင်နှမတွေ တစ်နှစ်တစ်ကြိမ် ပြန်ဆုံခွင့်ရတဲ့ ပွဲဖြစ်တဲ့အပြင် မျိုးဆက်သစ် အနုပညာရှင်တွေ အဆက်မပြတ် မွေးထုတ်ပေးနိုင်တဲ့ပွဲမို့ နှစ်စဉ်မပျက် ကျင်းပသွားသင့်ပါတယ်"

"မျိုးဆက်သစ် အနုပညာရှင်တွေ အဆက်မပြတ် မွေးထုတ်ပေးနိုင်တဲ့ပွဲမို့ နှစ်စဉ်မပျက် ကျင်းပသွားသင့်ပါတယ်"
ဦးတိုင်းကျော်
(မွန်ပြည်နယ်အသင်း အုပ်ချုပ်သူ)

မောင်အေးချမ်းမင်း(ခ)ချမ်းချမ်း

အခြေခံ(၅-၁၀)နှစ် (အကပြိုင်ပွဲဝင်၊ ကရင်ပြည်နယ်)

"သားဇာတိက မြဝတီမြို့ကပါ၊ ပြိုင်ပွဲဝင်တာ နှစ်ကြိမ်ရှိပါပြီ၊ မနှစ်က ငွေတံဆိပ်ရရှိခဲ့ပါတယ်။ သားကို သင်ပြပေးတာက ဆရာဦးနိုင်မင်းပါ၊ သားက ကြီးလာရင် မင်းသားကြီးလုပ်မှာ

အခြေခံပညာအဆင့်(၅-၁၀)နှစ် အမျိုးသားအကပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ မောင်စောအိန်ဖိုးကျော် ကဟန်တစ်ကွက်။

စင်မြင့်ပေါ်မှာ တကယ့်မင်းသားကြီးလို ကရတော့ သား သိပ်ပျော်တာပဲ။ ပရိသတ်တွေက လက်ခုပ်တီးလေ သားက ပိုပြီးကလေပါပဲ။ အက ရပ်တောင် မရပ်ချင်ဘူး။ နောက်နှစ်တွေလဲ ပြိုင်ဦးမှာ"

မမေမြတ်တင် (မယ်ဒလင်တီးပြိုင်ပွဲဝင်၊ ဧရာဝတီတိုင်း)

"သမီး နေထိုင်တာက မအူပင်မြို့ဖြစ်ပါတယ်။ ပြိုင်ပွဲဝင်တာ စုစုပေါင်း ငါးကြိမ်ရှိပါပြီ၊ ရွှေတံဆိပ်သုံးခုနဲ့ ငွေတံဆိပ်နှစ်ခု ရရှိထားပါတယ်၊ သမီးကို မယ်ဒလင်တီးသင်ပေးတာက ဆရာဦးကျော်အေး ဖြစ်ပါတယ်။ သမီးကတော့ မယ်ဒလင်တီး လေ့ကျင့်မှုကို တစ်နှစ်လုံး အချိန်ရတာနဲ့ လေ့ကျင့်နေတာပါ၊ ဒီလိုပြိုင်ပွဲကြီး ကျင်းပပေးတဲ့အတွက် သမီးကတော့ ဝမ်းသာတယ်၊ သမီးတို့အတွက် နှစ်စဉ် ထိုက်တန်တဲ့ပြိုင်ပွဲကြီးရှိနေတာမို့ ဖြစ်ပါတယ်"

မဖြိုးပြည့်စုံကျော်

(မဟာဂီတ/ကာလပေါ်အဆိုပြိုင်ပွဲဝင်၊ ရှမ်းပြည်နယ်)

"သမီးအသက်က ကိုးနှစ်ပြည့်ပါပြီ၊ မဟာဂီတ/ကာလပေါ် အဆိုကို ဒီနှစ်မှ ပြိုင်ပွဲဝင်ခဲ့တာပါ။ သမီးက လားရှိုးမြို့မှာ နေထိုင်ပါတယ်၊ ဆရာနဲ့ အချိန်ယူပြီး လေ့ကျင့်ခဲ့တာကြောင့် ပြိုင်ပွဲမှာ အားရပါးရယှဉ်ပြိုင်နိုင်ခဲ့တာမို့ သမီးကတော့ ရွှေတံဆိပ် မျှော်မှန်းထားပါတယ်၊ ပြိုင်ဘက်တွေ အများကြီးနဲ့ ပြိုင်ရတာမို့ ပျော်စရာကောင်းပါတယ်။ နောက်နှစ်လဲ လာပြိုင်ဦးမှာပါ"

"ဒီနှစ်မှ ပထမဆုံးပြိုင်ပွဲဝင်တာပါ၊ ပရိသတ်တွေက လက်ခုပ်တီးလေ သားက ပိုပြီးကလေပါပဲ၊ အကရပ်တောင် မရပ်ချင်ဘူး"
မောင်ဟိန်းမင်းလတ်
(တနင်္သာရီတိုင်း)

မောင်ဟိန်းမင်းလတ်

အခြေခံ(၅-၁၀)နှစ် (အကပြိုင်ပွဲဝင်၊ တနင်္သာရီတိုင်း)

"သားက ဒီနှစ်မှ ပထမဆုံးပြိုင်ပွဲဝင်တာပါ။ မပြိုင်ခင် ကြောက်ပေမယ့် တကယ်ပြိုင်တော့ မကြောက်တော့ပါဘူး။ အခုလိုဆိုတော့ နောက်နှစ်တွေမှာလဲ လာရောက်ယှဉ်ပြိုင်သွားမယ်။သားက ကနေရင် ပျော်နေတတ်တာမို့ အချိန်ရသမျှ လေ့ကျင့်ခဲ့တာ ဆိုတော့ စိတ်တိုင်းကျအောင် ပြိုင်ပွဲဝင်နိုင်ခဲ့ပါတယ်"

"သားက ကနေရရင် ပျော်နေတတ်တာမို့ အချိန်ရသမျှ လေ့ကျင့်ခဲ့တာဆိုတော့ စိတ်တိုင်းကျအောင် ပြိုင်ပွဲဝင်နိုင်ခဲ့ပါတယ်"
မောင်အေးချမ်းမင်း(ခ)ချမ်းချမ်း
(ကရင်ပြည်နယ်)

မောင်ချမ်းလွင်မိုး [နှဲ (၅-၁၀)နှစ် ပြိုင်ပွဲဝင်၊ ရန်ကုန်တိုင်း]

"ပြိုင်ပွဲဝင်တာ နှစ်ကြိမ်ရှိပါပြီ။ မနှစ်ကတော့ ငွေတံဆိပ်ဆွတ်ခူးခဲ့ပါတယ်၊ သားကို သင်ပြပေးတဲ့ ဆရာကတော့ ဦးစိန်မြလှိုင် ဖြစ်ပါတယ်။ နှဲကို လေ့ကျင့်ခဲ့တာ လေးနှစ်ခန့်ရှိပါပြီ။ သားကို ဆရာက စနစ်တကျသင်ပြပေးခဲ့လို့ မနှစ်ကထက် ပိုကောင်းအောင် ပြိုင်ပွဲဝင်နိုင်ခဲ့ပါတယ်။ သား နှဲမှုတ်တာကို ဝါသနာပါလို့ ဆရာနဲ့ လေ့ကျင့်သလို ကိုယ်တိုင်လဲ တစ်ဦးတည်း လေ့ကျင့်နေသူပါ။ ဒီနှစ်တော့ သား အမြင့်ဆုံး ဆုတံဆိပ်ရဖို့ မျှော်မှန်းထားပါတယ်။ ပြိုင်ဘက်တွေကလည်း အားလုံးတော်ကြတာဆိုတော့ သိပ်တော့လဲ မမှန်းရဲပါဘူး"ဟု ရိုးရိုးဘွင်းဘွင်းပင် ဖြေကြားသွားခဲ့ပါကြောင်း။ ။ **(မြန်မာ့အလင်း)**

"ဆုတံဆိပ်ရဖို့ မျှော်မှန်းနေပါတယ်၊ မနှစ်ကတော့ ငွေတံဆိပ်ဆွတ်ခူးခဲ့ပါတယ်၊ သားကို သင်ပြပေးတဲ့ ဆရာကတော့ ဦးစိန်မြလှိုင်ပါ"
မောင်ချမ်းလွင်မိုး
(ရန်ကုန်တိုင်း)

"သမီးက လားရှိုးမြို့ကပါ၊ ပြိုင်ပွဲမှာ အားရပါးရ ယှဉ်ပြိုင်နိုင်ခဲ့တာမို့ ရွှေတံဆိပ်မှန်းထားပါတယ်"
မဖြိုးပြည့်စုံကျော်
(ရှမ်းပြည်နယ်)

"ပြိုင်ပွဲဝင်တာ စုစုပေါင်း ငါးကြိမ်ရှိပါပြီ၊ ရွှေတံဆိပ်သုံးခုနဲ့ ငွေတံဆိပ်နှစ်ခု ဆွတ်ခူးထားပါတယ်"
မမေမြတ်တင်
(ဧရာဝတီတိုင်း)

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

အောက်တိုဘာ ၂၃ ရက် (ယနေ့)ယှဉ်ပြိုင်မည့် ပြိုင်ပွဲအစီအစဉ်များ

စဉ်	ရက်စွဲ	ပြိုင်ပွဲကျင်းပသည့်နေရာ	ပြိုင်ပွဲဘာသာရပ်	ပြိုင်ပွဲအဆင့်	အချိန်
၈	၂၃-၁၀-၂၀၀၈ (ကြာသပတေးနေ့)	စိုက်ပျိုးရေးတက္ကသိုလ် (စုဝေးခန်းမ)	အဆို၊ ကာလပေါ် အဆို၊ ကာလပေါ်	ဝါသနာရှင်(ပထမတန်း)(အမျိုးသမီး) အခြေခံပညာ အသက်(၁၅နှစ်ပြည့်မှ၂၀နှစ်အတွင်း)(အမျိုးသား)	၀၉၀၀ ၁၃၀၀
		မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)	ကွက်စိပ်ပြိုင်ပွဲ ဇာတ်သဘင်	ရာဟုလာအမွေတောင်းခန်း ဘူရိဒတ်ဇာတ်တော်ကြီး(မန္တလေးတိုင်း)	၀၉၀၀ ၁၉၀၀
		သစ်တောသုတေသနဌာန (စုဝေးခန်းမ)	အတီး(တယော) အတီး(တယော)	ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသား)(အမျိုးသမီး) အခြေခံပညာ အသက်(၁၅နှစ်ပြည့်မှ၂၀နှစ်အတွင်း)(အမျိုးသား)(အမျိုးသမီး)	၀၉၀၀ ၁၃၀၀
		စိုက်ပျိုးရေးတက္ကသိုလ် (စာသင်ခန်းမ)	အတီး(ပတ္တလား) အတီး(ပတ္တလား)	အခြေခံပညာ အသက်(၁၅နှစ်ပြည့်မှ၂၀နှစ်အတွင်း)(အမျိုးသား) ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသမီး)	၀၉၀၀ ၁၃၀၀
		စိုက်ပျိုးရေးသုတေသနဦးစီးဌာန (စုဝေးခန်းမ)	အတီး(ဒုံမင်း) အတီး(ဒုံမင်း) အတီး(ဒုံမင်း)	ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသား) အခြေခံပညာ အသက်(၁၅နှစ်ပြည့်မှ၂၀နှစ်အတွင်း)(အမျိုးသမီး) အခြေခံပညာ အသက်(၁၀နှစ်ပြည့်မှ၁၅နှစ်အတွင်း)(အမျိုးသမီး)	၀၉၀၀ ၁၃၀၀
		စိုက်ပျိုးရေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)	အတီး(ဆိုင်းတစ်ဦးချင်း) အတီး(ဆိုင်းတစ်ဦးချင်း) အတီး(ဆိုင်းတစ်ဦးချင်း)	ဝါသနာရှင်(ပထမတန်း)(အမျိုးသမီး) အဆင့်မြင့်ပညာ(အမျိုးသမီး) အခြေခံပညာ အသက်(၅နှစ်ပြည့်မှ၁၀နှစ်အတွင်း)(အမျိုးသမီး)	၀၉၀၀ ၁၃၀၀
		အမှတ်(၇)တည်းခိုရေးစခန်း (သင်တန်းခန်းမဆောင်)	အရေး(သီချင်းပြိုင်ပွဲ)	ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသား/အမျိုးသမီး)	၀၉၀၀

ကျွန်တော်တို့လယ်သမားတွေ၊ ရေလုပ်သားတွေရဲ့ဘဝ လှေနဲ့ပိုက်နဲ့ ထွန်စက်နဲ့ တင့်တောင့်တင့်တယ်ဖြစ်နေကြပြီ

ရွှေမြစ်အတွင်းမှ လှမ်းမြင်ရသော လပွတ္တာမြို့နှင့် ကုန်သွယ်ရေယာဉ်များ ဆိုက်ကပ်ရာ ဆိပ်ကမ်းအလှ။

သတင်းဆောင်းပါး-မောင်မောင်ထွေး(သတင်းစဉ်) ဓာတ်ပုံ-လှမိုး(သတင်းစဉ်) စာမျက်နှာဖွဲ့စည်းမှု-ဟန်စိုး(မြန်မာ့အလင်း)

ရန်ကုန် အောက်တိုဘာ ၂၂

ဧရာဝတီမြစ်၏ မြစ်လက်တက်တစ်ခုဖြစ်သော ရွှေမြစ်၏ရေအလျဉ်သည် ပီဘိ ငြိမ့်ညောင်းသာယာစွာ စီးဆင်းလျက်ရှိနေ၏။ မြစ်ကြောင်းတစ်လျှောက်တွင်လည်း ရေလုပ်သားများစွာတို့သည် စက်လှေကိုယ်စီဖြင့် ကျားပိုက်၊ ငါးသလောက်ပိုက်တို့ဖြင့် ပိုက်ရေးငင်လျက် ပရိယေသနဝမ်းစာကို အေးချမ်းစွာ ရှာဖွေလျက်ရှိကြ၏။

စာဆိုကြယ်နီ၏ ကိုဒေါင်းစိန်(ခေါ်) ကိုတံငါကိုပင် ရော်ရမ်းလွမ်းတမိသေးသည်။ သို့သော် ခေတ်ဟောင်းကာလက ကိုဒေါင်းစိန်မှာ ခြင်ထောင်မျှပင် မဝယ်နိုင်ခဲ့ချေတကား။

ခေတ်သစ်ရေလုပ်သား ကိုဒေါင်းစိန်တို့မှာမူ မုန်တိုင်းသင့်ပြီးနောက်ပိုင်း နိုင်ငံတော်နှင့်ပြည်တွင်း၊ ပြည်ပအလှူရှင်တို့ ထောက်ပံ့ပေးထားသော စက်တပ်ဆင်ပြီး လှေနှင့်ပိုက်မျိုးစုံတို့ဖြင့် ဇနီး၊ သားသမီး မိသားစုများကို ဝမ်းဝအောင် ရှာဖွေကျွေးနိုင်ကြချေပြီ။

ခေတ်ဟောင်း ကိုဒေါင်းစိန်တို့ခေတ်က သူတစ်ပါး အင်းများ၊ ပိုက်ချက်များအတွင်း ငါးခိုးဖမ်းကြရ၏။ ခေတ်သစ်ရေလုပ်သားကိုဒေါင်းစိန်တို့မှာမူ နိုင်ငံတော်၏ ခွင့်ပြုချက်ကြောင့် မြစ်ကြောင်း၊ မြစ်လက်တက်တစ်လျှောက် အခမဲ့သုံးလ ငါးရှာ၊ ဖားရှာခွင့် ရခဲ့ကြပေသည်။

ဖြန့်ဖြူးထောက်ပံ့

မုန်တိုင်းသင့်ဒေသ လပွတ္တာမြို့နယ်အတွင်းရှိ ရေလုပ်သားများအတွက် နိုင်ငံတော်က စက်ပါလှေပေါင်း ၄၉၀၃စင်း၊ ကျားပိုက်အဖုံ ၅၀၊ ငါးသလောက်ပိုက် ၁၁၆၇ဖုံ၊ ငါးပုတ်သင်ပိုက်၂၂ဖုံ၊ ငါးမုတ်မျှောပိုက်၅၀၆ဖုံ၊ ပိုက်စိမ်း(မျှင်တောင်) ၁၁၂ဖုံ၊ ကွန် ၁၂၅၁ဖုံ၊ ရင်တွန်းပိုက် ၁၂၈၂ဖုံနှင့် ကွင်းတားပိုက် ၉၀၀တို့ကို ဖြန့်ဖြူးထောက်ပံ့ပေးခဲ့ပြီးဖြစ်သည်။

ထို့ပြင် ပြည်တွင်းအဖွဲ့အစည်းများက ကဏန်းမြှုး၁၆၁၀၊ အဏုမြူ မျှော ၁၄ဖုံ၊ ငါးပုတ်သင်ပိုက် တစ်ဖုံတို့ကို ဖြန့်ဖြူးထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

သို့မို့ကြောင့် ရွှေမြစ်ကြောင်းတစ်လျှောက်တွင် စက်ပါလှေနှင့် ကျားပိုက်၊ ငါးသလောက်ပိုက်တို့ ကိုယ်စီဖြင့် ရေလုပ်သားအပေါင်းတို့ ပြည့်နှက်နေသည်။ ရေလုပ်သားကြီး တစ်ဦးနှင့် လှေချင်းအယှဉ်တွင် ကျွန်တော်က **"ဗျို့ ဆရာကြီး ဘာငါးတွေမိထားသလဲ"** ဟု မေးမြန်းကြည့်ရာ ရွှေအိုရောင်တောက်ပနေသော ငါးသလောက်ကြီး တစ်ကောင်ကို မြှောက်ပြလေသည်။ ကျွန်တော်တို့လှေပေါ်ပါသူတစ်ဦးက **"ဒီတစ်ကောင်ဆို အနည်းဆုံး ၇၀၀၀၊ ၈၀၀၀ လောက်တန်တယ်"**ဟု တန်ဖိုးဖြတ်ပြ၍ မဆီမဆိုင် ဝမ်းမြောက်မှုဖြစ်ရသေးသည်။

လပွတ္တာမြို့ သနပ်ဖက်ကျေးရွာအုပ်စု မြိုင်ကျေးရွာသို့ သွားရောက်ခဲ့ကြရာ ကျွန်တော်တို့လှေဦး ကမ်းဆိုက်လိုက်သော်လည်း ဆိပ်ကမ်းတွင် တစ်စုံတစ်ယောက်ကိုမျှ မတွေ့ရ။ ကျေးရွာမြင်ကွင်းမှာလည်း ယခင်နှင့် မတူ၊ ရွာမှာ တိတ်ဆိတ်နေသည်။

ရွာဦးမှ ဗျို့ဟစ်လိုက်ပါမှ အိမ်ကြီးတစ်အိမ်အတွင်းမှ လူများအလျှိုလျှိုထွက်လာကြသည်။ ခေတ်သစ် ကိုဒေါင်းစိန်တို့ကား ရေကျချိန်ကိုစောင့်ရင်း ဂျက်ကီချမ်း ဗီဒီယိုကားနှင့် ငြိမ့်နေကြခြင်းဖြစ်သည်။

နွေးထွေးစွာဖိတ်ခေါ်

ရေနွေးအိုးချသူချ၊ ဖျာခင်းသူခင်းဖြင့် ကျွန်တော်တို့လာမှ သူတို့စည်းစိမ်ပျက်ရချေပြီ။ **"ကဲဆို… ဆရာကြီးတို့ ဘာကိစ္စလဲ"** ဟု မေးပြောပြောရာ **"ဦးလေးတို့ ရေလုပ်ငန်းတွေ လည်ပတ်မှု အခြေအနေကို ပြည်သူတွေကိုတင်ပြချင်လို့ လာမေးတာပါ"**ဟု ကျွန်တော်က ပြန်ဖြေလိုက်ပါသည်။ **"လာပါ ရောက်တုန်း ရောက်ခိုက် အေးအေးဆေးဆေး ပေါ့ဗျာ၊ ရေနွေးကြမ်းသောက်ရင်း စကားဝိုင်းဖွဲ့ကြတာပေါ့"**ဟု ရေလုပ်သားကြီး ကိုမြင့်ဦးက နွေးထွေးစွာ ဖိတ်ခေါ်ပြောကြားပါသည်။

"ပြည်တွင်း၊ ပြည်ပက ဘယ်သူမဆို လာမေးကြပါ။ ကျွန်တော်တို့ကတော့ တကယ့် အမှန်အတိုင်းပဲ ဖြေမှာပါ။ တကယ်လည်း အဆင်ပြေနေတာကိုး။ ဆန်၊ ဆီ၊ ပဲ အကုန်လုံးပေးလို့ အခု ရေလုပ်ငန်းကရတဲ့ငွေက အသားတင်ပဲ။ လာထောက်ပံ့တဲ့ ခြင်ထောင်တွေ၊ စောင်တွေလည်း လူတိုင်းရကြပါတယ်။ ပဲဆိုရင်လည်း အရင်က ကျွန်တော်တို့မစားနိုင်တဲ့ ကုလားပဲဗျ။

သစ္စာစကား

စက်ပါတဲ့လှေလည်းပေးလို့ အခုဆို ကျွန်တော်တို့မိသားစု လပွတ္တာကိုသွားရင် အေးအေးဆေးဆေးပဲ။ အရင်ကဆို လက်မောင်းအောင့်မတတ် ခတ်ပြီးသွားရတာ။ နိုင်ငံတော်နဲ့ အလှူရှင်တွေရဲ့ ကျေးဇူးကို ကျွန်တော်တို့ ဘယ်မေ့ပါ့မလဲဗျာ။ ညတိုင်း မေတ္တာပို့ပါတယ်။ တကယ့် သစ္စာစကားပါဗျာ"ဟု ရေလုပ်သားကြီး ကိုမြင့်ဦးက အားပါးတရ ပြောပြပါသည်။

တန်ဖိုးရှိတဲ့လူ

အသက်အနည်းငယ်ကြီးသူ ဦးခွေးလေးကလည်း **"ကျွန်တော်ဆို ရေလုပ်ငန်းကို ၁၅နှစ်သားတည်းကလုပ်တာ။ အဲဒီတုန်းက ရေလုပ်သားတွေ ဒီလောက်သိပ်မများကြသေးဘူး။ ပိုက်တစ်ဖုံဆို မိသားစုတစ်စုလုံး အေးအေးဆေးဆေးပဲ။ အခုတော့ ရေလုပ်သားတွေများလာလို့ လူငယ်တွေပြိုင်ပြီး လုပ်နေရတယ်၊ ကျွန်တော်တို့ဘက်က ကျားပိုက်ပဲ သုံးတာများတယ်၊ မိတ့်ပုစွန်တွေကိုတော့ အခြောက်လှန်းပြီးမှ ဒိုင်ကို ပြန်ရောင်းပါတယ်။ နာဂစ်တိုက်ပြီး ရက်ပိုင်းကဆိုရင် ရှိတဲ့ပိုက်အပြဲလေး၊ လှေစုတ်ကလေးနဲ့တောင် ငါးဖမ်းပြီး အသက်ဆက်နေနိုင်ခဲ့သေးတာ။ အခုဆို စက်နဲ့ လှေနဲ့ပိုက်နဲ့ဗျာ၊ သူတစ်ပါးကို မှီခိုပြီး လှူသမျှ၊ ပေးသမျှ လက်ခံယူနဲ့ ထိုင်စားမနေချင်ပါဘူးဗျာ။ ကိုယ့်ခွန်ကိုယ့်အားနဲ့ အလုပ်လုပ်ပြီး ကိုယ်လည်းဝမ်းဝ၊ နိုင်ငံအတွက်လည်း အထောက်အကူဖြစ်တဲ့ တန်ဖိုးရှိတဲ့လူပဲ ဖြစ်ချင်ပါတယ်"**ဟု အားမာန်အပြည့်ဖြင့် ဆိုရှာသည်။

လူလတ်ပိုင်းအရွယ်ရှိ ကိုကျော်ဝင်းတင်ကလည်း **"ကျွန်တော်က ရေလုပ်ငန်းရော၊ လယ်ရော လုပ်ပါတယ်၊ လယ်က ၂၂ ဧကရှိပြီး မနောသုခရယ်၊ ခွံ့ဝါရယ် စိုက်ပါတယ်၊ နိုင်ငံတော်က မျိုးစပါးတင်း ၂၀၊ လယ်ယာ (၁၆) လက်တွန်းထွန်စက်တစ်စီးနဲ့ ထွန်ယက်ဆီတစ်ဧက သုံးဂါလန်နှုန်း၊ ဓာတ်မြေဩဇာတွေ ထောက်ပံ့ပေးပါတယ်"**ဟု ဆိုသည်။

လပွတ္တာမြို့နယ်၌ အောင်မြင်ဖြစ်ထွန်းနေသော စပါးခင်းများကို ဤသို့ တစ်မျှော်တစ်ခေါ် တွေ့ရသည်။

ညနေစောင်းသော် ကျွန်တော်တို့ မြိုင်ရွာမှ ပြန်လည်ထွက်ခွာလာခဲ့ကြရာ ရွှေမြစ်ကြောင်းပေါ်မှနေ၍ လပွတ္တာမြို့ကို သစ်လွင်လှပစွာ လှမ်းမြင်တွေ့ရလေသည်။

လပွတ္တာမြို့က ယခင်နှင့်ယခု လုံးလုံးပြောင်းလဲခဲ့ချေပြီ။ မြို့အင်္ဂါရပ်နှင့်အညီ ပြန်လည်စည်ကားခဲ့ချေပြီ။ မုန်တိုင်းအလွန် ရှန်းထနိုင်ခဲ့ချေပြီ။ အခြေခံပညာကျောင်းပေါင်း ၁၈၁ ကျောင်းကို ပြင်ဆင်နိုင်ခဲ့ပြီး ယာယီကျောင်းဆောင်များ အပါအဝင် ကျောင်းပေါင်း ၂၆၆ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ကာ ကျောင်းသားကျောင်းသူ စုစုပေါင်း ၄၆၈၅၃ ဦးတို့ တက်ရောက် ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

ကျန်းမာရေးကဏ္ဍအနေဖြင့် ဆေးရုံ၊ ကျန်းမာရေးဌာနနှင့် ကျန်းမာရေးဌာနခွဲ အပါအဝင် စုစုပေါင်း ၅၈ ရုံ ဖွင့်လှစ်ကုသပေးလျက်ရှိသည်။

သောက်သုံးရေ

လှုပ်စစ်ဓာတ်အားလိုင်းများ၊ ဆက်သွယ်ရေး မိုက္ကရိုဝေ့ဖ် အော်တိုအိတ်ချိန်း အားလုံးကိုလည်း ပြုပြင်ဆောင်ရွက်ပြီးခဲ့ချေပြီ။ နိုင်ငံတော်နှင့် ပြည်တွင်း၊ ပြည်ပ အလှူရှင်များမှ လှူဒါန်းထားသော ရေသန့်စင်စက်များကြောင့် သောက်သုံးရေအတွက် ရေချို၊ ရေသန့်များရရှိပြီး ရေတွင်း၊ ရေကန်များအားလည်း ပြန်လည်ပြုပြင်မွမ်းမံ၍ ကျန်းမာရေးဝန်ကြီးဌာနမှ ပုံမှန်ဆေးခတ်ပေးနေခြင်းကြောင့် သောက်သုံးရေအတွက် အခက်အခဲမရှိကြပေ။

စိုက်ပျိုးနိုင်ခဲ့

လပွတ္တာမြို့နယ်၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးရေး၊ ရေလုပ်ငန်းနှင့် ဆားလုပ်ငန်းတို့ဖြစ်ကြရာ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည်ပြုစုထူထောင်နိုင်ရေးအတွက်လည်း နိုင်ငံတော်နှင့် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းတို့က ထောက်ပံ့ကူညီပေးခဲ့ကြသည်။ စိုက်ပျိုးရေးလုပ်ငန်းအတွက် မျိုးစပါး ၆၇၉၁၀၃ ဒသမ ၅တင်း၊ လယ်ယာ (၁၆)၊ လယ်ယာ (၂၂)၊ တစ်ဘီးတပ်၊ နှစ်ဘီးတပ်၊ ဒေါင်ဖန်း၊ ယိုးဒယား (ဆင်)နှင့်ဧရာ(၁)အမျိုးအစား လက်တွန်းထွန်စက်အစီး ၃၆၇၀၊ ကျွဲ ၆၃၄ ကောင်နှင့် နွား ၂၅၈ကောင်၊ ထွန်ယက်ဆီ ၄၈၇၂၂၇ဂါလန်အပါအဝင် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ ဖြန့်ဖြူးပေးခဲ့၍ ယခုနှစ် မိုးစပါး ၄၂၅၁၇၃ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

မြို့နယ်အတွင်းရှိ ရေလုပ်ငန်းများ ပုံမှန်ပြန်လည်ဆောင်ရွက်နိုင်ရေးအတွက် စက်ပါ ငါးဖမ်းလှေပေါင်း ၄၉၀၃ စင်းနှင့် ငါးဖမ်းပိုက်မျိုးစုံ ၅၃၀၃ ဖုံတို့ကို ထောက်ပံ့ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

ထုတ်ချေး

မြို့နယ်အတွင်း ဆားလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေးအတွက် ရေစုပ်စက်၊ စက်သုံးဆီ၊ သစ်၊ တာပေါ်လင်စ စသည့် ထောက်ပံ့မှုများအပြင် ဆားလုပ်ဧက ၂၆၆၁၃ဧက အတွက် ဆားလုပ်ငန်းရှင်၇၅၈ဦးတို့အား မြဝတီဘဏ်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်၊ သမဝါယမဘဏ်နှင့် ကမ္ဘောဇဘဏ်တို့မှ ကျပ်သန်းပေါင်း ၇၄၁၈ သန်းတို့ကို ထုတ်ချေးပေးနေကြောင်း သိရသည်။

ရွှေမြစ်အတွင်းမှ ဖမ်းမိသော ငါးသလောက်ကြီးနှင့် ရေလုပ်သားကြီး၏ ပီတိအပြုံး။

မြင်ယောင်

နေထိုင်ရေးအတွက်မူ လူနေအိမ် ၁၆၅၈ လုံး ဆောက်လုပ်ပေးခဲ့ပြီး ဆောက်လုပ်ဆဲ ၅၉၁လုံးနှင့် ဆောက်လုပ်ရန် ကျန်ရှိသော ၂၀၆၆လုံးတို့ကို ဆက်လက်စီစဉ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖွံ့ဖြိုးတိုးတက်

ညပိုင်းရောက်သော် ကျွန်တော်တို့သည် လပွတ္တာမြို့မှ နှုတ်ဆက်ထွက်ခွာခဲ့ကြပါသည်။ သို့သော် ကျွန်တော်၏ စိတ်အလျဉ်တွင်မူ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်း၍ ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့မှုကြောင့် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် ဧရာဝတီတိုင်း လေဘေးသင့်ဒေသများ၏ ပုံရိပ်များကို ပြန်လည်မြင်ယောင်နေမိပါတော့သည်။ ။

ရွှေမြစ်တစ်လျှောက် လှေကြီးလှေငယ် အသွယ်သွယ်ဖြင့် ငါးပုစွန်များ ဖမ်းယူနေသည့် ရေလုပ်သားကြီးများ၏ လုပ်ငန်းခွင်တစ်နေရာ….။

ဂုဏ်ယူဝမ်းမြောက်ကြောင်း

Tunn Star ကုမ္ပဏီမှ မြန်မာနိုင်ငံတစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် PTT(စက်ချောဆီ) ဖြန့်ချိမှုများ အောင်မြင်ခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူပါသည်။

၁။ ဦးမိုးသွင် (MD, Nine Co., Ltd.)
၂။ ဦးဝင်းသိန်း (MD,Zizawa, Co., Ltd.)
၃။ ဦးခင်ဝင်း (ဒါရိုက်တာ၊အောင်မြေကုမ္ပဏီ)
၄။ ဦးကြီးရန် (ယုဇနရေလုပ်ငန်းလီမိတက်)
၅။ ဦးစိုးမင်းဦး (ဥက္ကဋ္ဌ၊ ကြို့ပင်ကောက်၊ရွှေသမင်ဆေးတိုက်)
၆။ ဦးကျော်ဝင်း (ဥက္ကဋ္ဌ၊ TRI Diamond Group)
၇။ ဦးသောင်းစိန် (MD, မြရာပင်ကုမ္ပဏီလီမိတက်)
၈။ ဦးငြိမ်းကျော် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံမြင်းစီးအသင်း)
၉။ MEGA Star Shipping Co.,
၁၀။ ဦးတင်ဝင်း (ဝင်းမိသားစုအထွေထွေလုပ်ငန်း)
၁၁။ ဦးမျိုးနိုင် (ရွှေလီရွှေဆိုင်)
၁၂။ ဦးသန်းနိုင် (FUJI F.D.I Station)
၁၃။ ဦးမောင်အီ(မိသားစု)
၁၄။ ဦးတင်ဦး(ကုန်သည်)
၁၅။ ဗိသုကာစက်ပစ္စည်းနှင့် စက်ချောဆီအရောင်းဆိုင်၊ ဆိပ်ငယ်ရပ်၊ မြိတ်မြို့။

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁)စက်မှုဇုန်တွင် စက်ရုံမြေကွက်များကို ဝယ်ယူထားကြသည့် မြေကွက်ပိုင်ရှင်များ အမှတ်(၁)စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီနှင့် အမြန်လာရောက်ဆက်သွယ်ကြရန် ထပ်မံနှိုးဆော်ချက်။

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁)စက်မှုဇုန်တွင် စက်ရုံဆောက်လုပ်ရန်မြေကွက်များ ဝယ်ယူထားကြပြီး အောက်ဖော်ပြပါမြေကွက်ပိုင်ရှင်များသည် အမှတ်(၁) စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီနှင့်လည်း လုံးဝလာရောက်ဆက်သွယ်ခြင်း မရှိသည့်အပြင်၊ မည်သည့်ဆောင်ရွက်လုပ်ကိုင်မှု ကိုမှလည်း မလုပ်ကိုင်သော မြေကွက်ပိုင်ရှင်များအား ၃၁-၁၀-၂၀၀၈ရက်နောက်ဆုံးထားပြီး လာရောက်ဆက်သွယ်ကြရန် ၂-၁၀-၂၀၀၈ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင်လည်းကောင်း၊ ၅-၁၀-၂၀၀၈ရက်ထုတ် ကြေးမုံသတင်းစာတွင်လည်းကောင်း ကြော်ငြာများ ထည့်သွင်းနှိုးဆော်ခဲ့ပါသည်။

သတင်းစာများတွင် ထည့်သွင်းကြော်ငြာပြီးနောက် အချို့မြေကွက်ပိုင်ရှင်များ လာရောက်ဆက်သွယ်ဆောင်ရွက်ခဲ့ကြပြီး အောက်ဖော်ပြပါ မြေကွက်ပိုင်ရှင်များမှာ ယနေ့တိုင်လာရောက်ဆက်သွယ်မှု မရှိကြသေးကြောင်း တွေ့ရှိရပါသည်။

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁)စက်မှုဇုန်အတွင်းရှိ အဆက်အသွယ်ပြတ်မြေကွက်များ။

၂၊ ၃၊ ၉၊ ၁၂၊ ၁၃၊ ၂၁၊ ၂၅၊ ၂၆၊ ၃၀၊ ၃၃၊ ၃၄၊ ၄၁၊ ၄၂၊ ၅၉၊ ၆၄၊ ၆၅၊ ၇၂၊ ၇၄၊ ၇၆၊ ၇၇၊ ၈၂၊ ၉၃၊ ၉၄၊ ၉၅၊ ၉၇၊ ၁၁၃၊ ၁၁၄၊ ၁၁၅၊ ၁၁၇၊ ၁၁၈၊ ၁၂၁၊ ၁၂၂၊ ၁၂၈(က)၊ ၁၃၅၊ ၁၃၅(က)၊ ၁၃၉၊ ၁၄၀၊ ၁၄၀(က)၊ ၁၄၁(ဃ)၊ ၁၄၃၊ ၁၄၃(ခ)၊ ၁၄၄၊ ၁၄၅၊ ၁၅၉၊ ၁၆၀၊ ၁၆၁၊ ၁၆၂၊ ၁၇၂၊ ၁၇၃၊ ၁၇၄၊ ၁၇၆၊ ၁၇၇၊ ၁၈၃၊ ၁၉၀၊ ၁၉၁၊ ၁၉၂၊ ၁၉၃၊ ၁၉၄၊ ၁၉၅၊ ၁၉၈၊ ၁၉၉၊ ၂၀၀၊ ၂၀၁၊ ၂၀၂၊ ၂၀၃၊ ၂၀၅၊ ၂၁၁၊ ၂၂၁၊ ၂၂၆၊ ၂၂၇၊ ၂၂၈၊ ၂၂၉၊ ၂၃၃၊ ၂၃၉၊ ၂၄၉၊ ၂၅၀၊ ၂၅၃၊ ၂၅၄၊ ၂၅၅၊ ၂၅၆၊ ၂၆၆၊ ၂၆၇၊ ၂၈၉၊ ၂၉၁၊ ၂၉၂၊ ၂၉၄၊ ၂၉၅၊ ၂၉၆၊ ၃၀၇၊ ၃၃၃၊ ၃၃၄၊ ၃၅၃၊ ၃၅၄၊ ၃၆၅၊ ၃၇၂၊ ၃၇၃၊ ၃၇၄၊ ၃၇၅၊ ၃၇၆၊ ၃၈၆၊ ၃၈၇၊ ၄၀၉၊ ၄၁၀၊ ၄၁၁၊ ၄၁၃၊ ၄၁၄၊ ၄၁၅၊ ၄၁၆၊ ၄၅၁၊ ၄၅၆၊ ၄၅၇၊ ၄၆၀၊ ၄၇၃(က)၁၊ ၄၇၃(က၃-၄)၊ ၄၇၃(ခ)၊ ၄၈၂၊ ၅၁၁(က)၊ ၅၁၁(ခ)၊ ၅၂၇၊ ၅၂၈။

အထက်ဖော်ပြပါဆက်သွယ်ရန် ကျန်ရှိနေသော မြေကွက်ပိုင်ရှင်များသည် ယခင်ကြော်ငြာထားသည့် ၃၁-၁၀-၂၀၀၈ရက် နောက်ဆုံးထားလာရောက်ဆက်သွယ်ကြရန် ထပ်မံနှိုးဆော်အပ်ပါသည်။ အဆိုပါနေ့ရက်အထိ လာရောက်ဆက်သွယ်ခြင်းမရှိကြသော ပျက်ကွက်နေသော မြေကွက်များနှင့် ပတ်သက်၍ စီမံခန့်ခွဲရေးနည်းလမ်းအရ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ တင်ပြညှိနှိုင်းပြီး အထက်အဖွဲ့အစည်းများသို့ တင်ပြအရေးယူဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း ထပ်မံအသိပေးအကြောင်းကြားအပ်ပါသည်။

အမှတ်(၁)စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။

အများသိစေရန် သတိပေးကြေညာချက်

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအထက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၃စီ ° N မြေကွက် အမှတ် ၇၀၊ မြေအကျယ် ၁၈' × ၆၀' အပေါ်တွင် ဒေါ်ခင်ကြည်၏ ကိုတ္တိမသမီးဖြစ်သူ ဒေါ်ခင်လှမြင့်သည် အမွေဆိုင်တစ်ဦးဖြစ်၍ ၎င်း မသိဘဲရောင်းခြင်း၊ ပေါင်ခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ အဆောက်အအုံအသစ် ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်းစသည်တို့ကို မပြုလုပ်ရန် တားမြစ်ပါသည်။ ပြုလုပ်သူများအား ဥပဒေအရတရားစွဲဆိုသွားမည်ဖြစ်ပါကြောင်း -

ဒေါ်ခင်လှမြင့်၏ညွှန်ကြားချက်အရ-
ဦးမြအောင် B.A.,R.L
တရားရုံးချုပ်ရှေ့နေ(၂၅၇၅)
အမှတ်(၁၁)၊ ၃၄လမ်း(အောက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်း။

ISUZU Trooper ရောင်းရန်ရှိသည်။
လက်ရှိ အသုံးပြုနေပြီး (ကားကောင်း၊ ကားသန့်)
၂၈/၇၀၀၀ကျော် (97 Model)
ဆက်သွယ်ရန်- ဖုန်း-၆၆၀၂၃၈(ရုံးချိန်)။
၆၆၇၃၅၀(ရုံးချိန်)။

ထီးချိုင့်မြို့ သာယာလှပရေး ဆောင်ရွက်

ထီးချိုင့် အောက်တိုဘာ ၂၂

ထီးချိုင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သာယာလှပရေးအတွက် ဆောင်ရွက်လျက်ရှိရာ ပန်းခြံများပြုပြင်ခြင်း၊ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးအောင်မင်းကြိုင်စစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်အောင်က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မိဘအမည်မှန်

တောင်ဥက္ကလာပ အထက(၄) တက္ကသိုလ် ဝင်တန်း(D)မှ မရွှေဇင်နှင်း၏ မိဘအမည်မှန်မှာ ကောင်းစံ(ခ) ဦးကြည်စိုး ၁၂/ဥကတ(နိုင်)၀၃၆၇၀ နှင့် ဒေါ်ခိုင်ခိုင်ဝင်း(ခ)မခိုင် ၁၂/ ဥကတ(နိုင်)၁၃၆၄၆၉ ဖြစ်ပါသည်။

မော်တော်ယာဉ် ခိုးသူတရားခံများကို ဖော်ထုတ်ဖမ်းဆီးခဲ့ ပြန်လည်သိမ်းဆည်းရမိသော မော်တော်ယာဉ်များအား မူလပိုင်ရှင်များသို့ ပြန်လည်ပေးအပ်

ရန်ကုန် အောက်တိုဘာ ၂၂

ရန်ကုန်တိုင်းအတွင်း မော်တော်ယာဉ်ခိုးယူမှုများမှ တရားခံများ ဖော်ထုတ်ဖမ်းဆီးပြီး ပြန်လည်သိမ်းဆည်းရမိသော မော်တော်ယာဉ်များအား မူလပိုင်ရှင်များသို့ ပြန်လည်ပေးအပ်သည့် အခမ်းအနားကို ယနေ့မွန်းလွဲ၂နာရီတွင် ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံး ဦးစီး(၂)ဌာနခွဲမှူး ရဲမှူးသိန်းဝင်းက ရန်ကုန်တိုင်းအတွင်း မော်တော်ယာဉ်ခိုးမှုများမှ တရားခံများကို ဖော်ထုတ်ရရှိပြီး သက်သေခံ မော်တော်ယာဉ်များ ပြန်လည်သိမ်းဆည်းရရှိအောင် ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းပြောကြားသည်။

ဖမ်းဆီးဖော်ထုတ်

ထို့နောက် တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်က ခိုးယူခံရပြီးနောက် တရားခံများ ဖမ်းဆီးဖော်ထုတ်ပြီး ပြန်လည်သိမ်းဆည်းရမိသော ပါပလေကာ၊ နီဆန်း၊ စူပါဆလွန်း၊ တောင်းအေ့စ်နှင့် စူပါရဖ်ကားများကို ပိုင်ရှင်များထံ ပြန်လည်ပေးအပ်သည်။ **(ယာပုံ)**

ကျေးဇူးတင်စကား

ယင်းနောက် ပျောက်ဆုံးမော်တော်ယာဉ်များကို ပြန်လည်လက်ခံရရှိသည့် မော်တော်ယာဉ်ပိုင်ရှင်များကိုယ်စား ပိုင်ရှင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ပြန်လည်အပ်နှံ

ယာဉ်ပိုင်ရှင်များထံ ပြန်လည်အပ်နှံခဲ့သော မော်တော်ယာဉ် လေးစီးမှာ ခိုးယူခံရပြီး ရန်ကုန်တိုင်းရဲတပ်ဖွဲ့၏ စုံစမ်းဖော်ထုတ်မှုကြောင့် ခိုးမှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိကာ ခိုးရာပါကားများကို မူလပုံစံမပျက် သိမ်းဆည်းရမိသဖြင့် ပိုင်ရှင်များထံ ပြန်လည်အပ်နှံခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သောက်သုံးရေဖူလုံရေး အောင်လံတွင် ကွင်းဆင်းဆောင်ရွက်

အောင်လံ အောက်တိုဘာ ၂၂

အောင်လံမြို့နေ ပြည်သူများ သောက်သုံးရေဖူလုံစွာရရှိရေးအတွက် တရော်ကုန်းရပ်ကွက် ရေပေးရေးလုပ်ငန်းမှ သုံးလက်မလမ်းဖြတ်သွယ်ပိုက်များ အစားထိုးလဲလှယ်ခြင်းလုပ်ငန်းအား အမှုဆောင်အရာရှိ ဦးသက်အောင်နှင့် လက်ထောက်အင်ဂျင်နီယာ (စက်မှု) ဦးထွန်းသူအောင်တို့က ကြီးကြပ်ဆောင်ရွက်လျက်ပေးရှိကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၁၀-၂၀၀၈ (ကြာသပတေးနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	**"သာသနာတော်(၃)ရပ် ပဋ္ဌိစ္စသမုပ္ပာဒ်"** တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၇:၅၅-၁:၅၅	နိဗ္ဗာန်ဆီသို့ အမေးအဖြေများ
၈:၁၅-၂:၁၅	တေးဂီတအစီအစဉ်
၈:၂၀-၂:၂၀	Box Office Movies Wall-E
၈:၃၀-၂:၃၀	အဏ္ဏဝါထဲမှရတနာ (ကဏန်းပျော့)
၈:၄၀-၂:၄၀	ပြည်တွင်းအနုပညာရေးရာ
၉:၀၅-၃:၀၅	တေးဂီတအစီအစဉ်
၉:၁၀-၃:၁၀	ပြည်တွင်းသတင်းအကျဉ်း
၉:၂၀-၃:၂၀	Activities in the City (ဒီဇိုင်နာစိုးစိုး သတို့သမီးဝတ်စုံပြပွဲ)
၉:၃၅-၃:၃၅	ကိတ်မုန့်ပေါ်က အနုလက်ရာ
၉:၅၀-၃:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၅-၃:၅၅	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၁၀:၁၀-၄:၁၀	တေးဂီတအစီအစဉ်
၁၀:၁၅-၄:၁၅	**လုံ လုံ လုံ** (ဖိုးဘဏ်၊ မေကဇ္ဇာ၊ ဖြိုးသီရိခေတ်) (ဒါရိုက်တာ-မလိခစိုးထိုက်အောင်)
၁၀:၂၀-၄:၂၀	မိုးလေဝသခန့်မှန်းချက်
၁၀:၂၅-၄:၂၅	ပင်လယ်ဝကမ်းခြေ၊ ဘုရားတောင်ဘုရားနှင့်အေးငြိမ်းသာယာအစင်စံပြကျေးရွာ
၁၀:၅၀-၄:၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၀-၅:၀၀	တေးဂီတအစီအစဉ်
၁၁:၀၅-၅:၀၅	လေ့လာမြတ်နိုး ထိန်းသိမ်းဖို့ရာ မြန်မာ့ရိုးရာအနုပညာ (သဘင်ပညာရပ်အကြောင်းသိကောင်းစရာများ)
၁၁:၂၅-၅:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၃၀-၅:၃၀	မြေလတ်ရဲ့ဆည်ကန်သာ မဒေးရေလှောင်တမံပါ
၁၁:၄၅-၅:၄၅	တေးဂီတအစီအစဉ်
၁၁:၅၀-၅:၅၀	ဂီတသံစဉ်အလှဆင် (တင်တင်မြ)
၁၂:၁၅-၆:၁၅	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာလတ်လတ်နှင့်တွေ့ဆုံခြင်း)
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၌ အီဂျစ်လေတပ်နှင့် ရေတပ်တို့ ပူးပေါင်းပြုလုပ်သော စစ်ဆင်ရေးသရုပ်ပြပွဲတွင် နိုင်းမြစ်၏ဝေဟင်ထက်၌ လေထီးသမားများ သရုပ်ပြ လေ့ကျင့်နေသည်ကို အောက်တိုဘာ ၂၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဘဝအမောပြေ

သတင်းကောင်းနှင့်သတင်းဆိုး ....

ဆေးရုံသို့ လာရောက်ပြသသောလူနာအား ဆေးစစ်ချက်မှတ်တမ်းများဖတ်ပြီး နောက် ဆရာဝန်က-

ဆရာဝန် ။ ။ ကျွန်တော်ခင်ဗျားကို ပြောရမှာ သတင်းကောင်းတစ်ခု၊ သတင်းဆိုးတစ်ခုရှိတယ်၊ ဘယ်ဟာကို အရင်နားထောင်ချင်လဲ။

လူနာ ။ ။ သတင်းဆိုးကို အရင်ပြောပါဗျာ။

ဆရာဝန် ။ ။ ခင်ဗျား ကင်ဆာရောဂါဖြစ်နေပြီ…နောက်ထပ် နှစ်နှစ်လောက်ပဲ နေရတော့မှာ။

လူနာ ။ ။ ကျွန်တော့်ဘဝက ဆိုးပါတယ်။ သတင်းကောင်းကကော ဘာလဲဟင်…

ဆရာဝန် ။ ။ ခင်ဗျားမှာ အယ်ဇိုင်းမားရောဂါလဲ ဖြစ်နေတဲ့အတွက် နောက် တစ်လကြာရင် ကျွန်တော်ပြောခဲ့တာတွေ အကုန်မေ့သွားတော့ မှာပါဗျာ။

လူနာ ။ ။ **‘အမလေး ဆရာရယ်’**

လောဘရှေ့ထား မှားမိခဲ့သည်၏နောက်ဝယ် ....

နိုင်ငံတကာမှုခင်း

ကော်နင်မြို့လေးသည် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် မြောက်ပိုင်းရှိ မြို့လေးတစ်မြို့ ဖြစ်သည်။ အေးချမ်းသာယာလှပ ဆိတ်ငြိမ်ပြီး လူနေကျဲပါးသော မြို့လေးဖြစ်သည်။ အေးချမ်းသည့် မြို့လေးဖြစ်ပြီး တစ်ခါတစ်ရံတွင် အသေးအဖွဲ မှုခင်းများသာ ဖြစ်တတ်လေ့ရှိသည်။ ပြီးခဲ့သည့်နှစ်ကုန်ပိုင်းက သာမန်အားဖြင့်ကြည့်လျှင် မှုခင်းဟု မထင်မှတ်ရသော မှုခင်းတစ်ရပ်ဖြစ်ပွားခဲ့ပြီး ယင်းမြို့လေးတွင် မကြုံစဖူး ထူးဆန်းသည့်မှုခင်းအဖြစ် ပြောစမှတ်ပြုခဲ့ကြရသည်။

ပျော်ရွှင်စွာနေထိုင်

ကော်နင်မြို့တွင် လွန်ခဲ့သော ၂၀၀၇ခုနှစ်အထိ အငြိမ်းစားဝန်ထမ်း အမျိုးသမီးကြီး တစ်ဦးဖြစ်သူ ရာမိုနာအယ်လ်မွန်၊ သမီး ကက်သရင်းအယ်လ်မွန်**(ယာစွန်)**နှင့် မြေးဖြစ်သူ တိုနီရေးအယ်လ်မွန် **(ယာဝဲစွန်)**တို့ စည်းလုံးပျော်ရွှင်စွာ နေထိုင်ခဲ့ကြသည်။ ရာမိုနာ အယ်လ်မွန်၏သားဖြစ်သူမှာအိမ်ထောင်ပြု၍ အခြားမြို့တွင်သွားရောက်နေထိုင်ခဲ့သည်။

ကြိုတင်မှာကြား

ကက်သရင်း၏ မိခင်ရာမိုနာသည် အသက်အရွယ်ကြီးရင့်လာပြီဖြစ်၍ လူကြီး ရောဂါ စွဲကပ်လာသည်။ သို့သော် အတန်အသင့်သာ မကျန်းမာခဲ့ခြင်းမျှသာ ဖြစ်သည်။ ရာမိုနာသည် သူမကွယ်လွန်လျှင် သူမ၏အိမ်ဝင်း၌ပင် သင်္ဂြိုဟ်ရန် ဆန္ဒရှိသူဖြစ်သည့် အလျောက် သမီးနှင့်မြေးဖြစ်သူတို့အား အထက်ပါအတိုင်း ကြိုတင်မှာကြားထားသူ ဖြစ်သည်။

ကျောခိုင်းထွက်ခွာ

ရာမိုနာ၏ လစဉ် ပင်စင်လစာ ဒေါ်လာ ၂၅၀၀၀ကျော်သည် သမီးနှင့် မြေးဖြစ်သူ တို့အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေခဲ့သည်။ ၂၀၀၇ခုနှစ် ဒီဇင်ဘာလ တွင်မူ ကက်သရင်း၏ မိခင်နှင့် တိုနီရေး၏ အဘွားဖြစ်ပြီး ၎င်းတို့ အားကိုးအားထားရာ

ကော်နင်မြို့တွင် လွန်ခဲ့သော ၂၀၀၇ခုနှစ်အထိ အငြိမ်းစား ဝန်ထမ်းအမျိုးသမီးကြီးတစ်ဦးဖြစ်သူ ရာမိုနာ အယ်လ်မွန်၊ သမီး ကက်သရင်းအယ်လ်မွန်နှင့် မြေးဖြစ်သူ တိုနီရေးအယ်လ်မွန်တို့ စည်းလုံးပျော်ရွှင်စွာ နေထိုင်ခဲ့ကြ၊ ရာမိုနာအယ်လ်မွန်၏ သားဖြစ်သူမှာ အိမ်ထောင်ပြု၍ အခြားမြို့တွင် သီးခြားနေထိုင်ခဲ့။

ရွှေတောင်ကြီးသဖွယ်ဖြစ်သည့် အသက် ၈၄နှစ်ရှိ ရာမိုနာအယ်လ်မွန်မှာ သူမချစ်သော သမီးနှင့်မြေးအား ထာဝရ ကျောခိုင်းသွားခဲ့တော့သည်။

အသိမပေး

သမီးကက်သရင်းနှင့် မြေးတိုနီရေးတို့က သူမအား သူမ၏အိပ်ခန်းအတွင်း သိတင်း တစ်ပတ်ကြာထားပြီးနောက် သူတို့နေထိုင်ရာ ခြံကျယ်ကြီး၏ နောက်ဘက်ပိုင်း၌ မြေကျင်း တူးကာ လူမသိစေဘဲ တိတ်တဆိတ်မြှုပ်နှံသင်္ဂြိုဟ်ခဲ့သည်။ ထို့နောက် ရာမိုနာ၏သမီးနှင့် မြေးက ရာမိုနာ၏ ပင်စင်လစာများကို လစဉ်ထုတ်ယူခဲ့ကြသည်။ ကက်သရင်းသည် မောင်ဖြစ်သူအား မိခင်ရာမိုနာအယ်လ်မွန် သေဆုံးကြောင်း အသိမပေး အကြောင်းမကြား ခဲ့သဖြင့် မိခင်သေဆုံးသွားခဲ့သည်ကို မောင်ဖြစ်သူ မသိရှိခဲ့ပေ။

အမှုရင်ဆိုင်နေရ

ကက်သရင်းနှင့် သူမ၏သားတိုနီရေးတို့သည် အမေနှင့်အဘွားဖြစ်သူ ရာမိုနာ သေဆုံးမှုကို လပေါင်းများစွာ လျှို့ဝှက်ထားခဲ့သော်လည်း အဝေးတွင်နေသော မောင်ဖြစ် သူက မိခင်အားတွေ့လိုသဖြင့် လာလည်ချိန်၌ မိခင်အားမေးမြန်းခဲ့ရာမှ အစပေါ်သွား ခဲ့သည်။ ကက်သရင်းသည် မိခင် ရာမိုနာနှင့် ပတ်သက်ပြီး လှည့်ဖြားပြောဆိုခဲ့သော်လည်း မောင်ဖြစ်သူက သံသယရှိသဖြင့် စုံစမ်းရာမှ အဖြစ်မှန် ပေါ်ပေါက်ခဲ့ရတော့သည်။ အသက် ၅၀ရှိ ကက်သရင်းနှင့် အသက် ၃၀ရှိ တိုနီရေးတို့ သားအမိသည် ယခုနှစ် အောက်တိုဘာ ၁၂ရက်က သက်ဆိုင်ရာအာဏာပိုင်တို့၏ ဖမ်းဆီးခြင်းခံခဲ့ရပြီး သက်ကြီး ရွယ်အို၏ ရပ်ကလာပ်အား အလွဲသုံးစားပြုကာ ခွင့်ပြုချက်မရဘဲ အိမ်တွင်သင်္ဂြိုဟ်မှုဖြင့် တရားရုံးတွင် အမှုရင်ဆိုင်နေရပေပြီ။

ယခုဖြစ်ရပ်တွင် မိခင်နှင့်အဘွားဖြစ်သူ ရာမိုနာအယ်လ်မွန်၏ ပင်စင်လစာကို သမီးကက်သရင်းအယ်လ်မွန်နှင့် မြေးတိုနီရေး အယ်လ်မွန်တို့က ရာမိုနာ၏သားဖြစ်သူအား ခွဲဝေမပေးလိုဘဲ သားအမိနှစ်ဦးတည်းသာ ရလိုမှုဖြင့် လောဘရှေ့ထား မှားမိခဲ့သည်၏ နောက်၌ ဥပဒေအရ ထိုက်သင့်သောအပြစ်ကို ခံယူရတော့မည့် သင်ခန်းစာယူဖွယ် ဖြစ်ရပ်ကို ဖော်ပြလိုက်ရပါကြောင်း။ ။

ကိုးကား-အင်တာနက်

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အရှည်ဆုံး အသားညှပ်ပေါင်မုန့်

အီရန်နိုင်ငံတီဟီရန်မြို့တွင် ကီလိုဂရမ် ၁၀၀၀အလေးချိန်ရှိ ငှက်ကုလားအုတ်သား နှင့် ကီလိုဂရမ်၇၀၀အလေးချိန်ရှိ ကြက်သားတို့ပါဝင်သော ၄၉၂ပေရှည်သည့် အသားညှပ် ပေါင်မုန့်ကို အီရန်စားဖိုမှူးများက ဝိုင်းဝန်းပြုလုပ်ခဲ့ကြရာ ကမ္ဘာ့အရှည်ဆုံး အသားညှပ် ပေါင်မုန့်ကြီးအဖြစ် ဂင်းနက်စ်မှတ်တမ်းတွင် ဖော်ပြခြင်းခံခဲ့ရသည်။ **(အောက်ပုံ)**

၎င်းအသားညှပ်ပေါင်မုန့်ကြီးကို အီရန်နိုင်ငံ တီဟီရန်မြို့၌ ကျင်းပသော ဒုတိယ အကြိမ်မြောက် နိုင်ငံတကာအစားအစာနှင့် ကျန်းမာရေးပြပွဲတွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ယင်း အသားညှပ်ပေါင်မုန့်ကြီးကို ပြုလုပ်ရန် တီဟီရန်မြို့ မယ်လက်ထ်ပန်းခြံကြီး တွင် စားဖိုမှူးပေါင်း ၁၀၀၀ကျော်သည် နံနက်စောစောကတည်းက ငှက်ကုလား အုတ်သား ကီလိုဂရမ် ၁၀၀၀ကျော်ကို စုဆောင်းခဲ့ကြပြီး သစ်ကုလားအုတ်သား၊ ကြက်သား၊ အချဉ်ရည်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အမွှေးအကြိုင်၊ ပေါင်မုန့်တို့ဖြင့် အလေးချိန် ၁၃သမ၄မက်ထရစ်တန်ရှိပြီး တစ်မိုင်နီးပါး ရှည်လျားသော အသားညှပ် ပေါင်မုန့်ကြီးကို နှစ်ရက်ကြာ ဂင်းနက်စ်စံချိန်တင် ပြုလုပ်နိုင်ခဲ့သည်ဟုဆိုသည်။

(အင်တာနက်ဓာတ်ပုံ)

ကမ္ဘာ့အမြင့်ဆုံးပလတ်စတစ်ဘလောက်တုံးတာဝါ

ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင် အလျားလေးပေ အနံနှစ်ပေရှိသော ကစားစရာ ရောင်စုံပလတ်စတစ် ဘလောက်တုံးပေါင်း ၄၆၀၀၀၀ဖြင့် လေးရက်အတွင်း ၉၆ဒသမ ၇၃ပေရှိ တာဝါတစ်ခုကို တည်ဆောက်ခဲ့ရာ အမြင့်ဆုံးသော တာဝါအဖြစ် ဂင်းနက်စ် မှတ်တမ်းဝင်ခဲ့သည်။ (အပေါ်ပုံ)

ဩစတြီးယားနိုင်ငံတွင် ကလေးများ အထိမ်းအမှတ် နှစ်၁၀၀ပြည့်ပွဲတော်အဖြစ် ယင်းတာဝါတည်ဆောက်သည့်ပွဲတွင် ကလေးပေါင်း ၃၀၀၀ပါဝင်ဆင်နွှဲခဲ့သည်။ ထို အတောအတွင်း ဂျာမနီဝါသနာရှင်များကလည်း ကစားစရာပလတ်စတစ် ဘလောက်တုံး များကို အသုံးပြုကာ ကမ္ဘာ့အရှည်ဆုံး တံတားအဖြစ် ဂင်းနက်စ်မှတ်တမ်းတင်နိုင်ရန် ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။ ယခုကစားစရာ ပလတ်စတစ်ဘလောက်တုံး ဖြင့် ပြုလုပ်သော တာဝါမဆောက်လုပ်မီ ကမ္ဘာ့အမြင့်ဆုံး ကစားစရာ ပလတ်စတစ် ဘလောက်တုံးများဖြင့် ပြုလုပ်ထားသော ကမ္ဘာ့အမြင့်ဆုံးတာဝါအဖြစ် ဂင်းနက်စ် မှတ်တမ်းဝင်ခဲ့သည့် တာဝါမှာ လွန်ခဲ့သောမေလက ယင်းနိုင်ငံ လီဂိုလန်ဝင်ဆာ၌ တည်ဆောက်ခဲ့သော ၉၆ဒသမ၁၃ ပေမြင့်သည့် တာဝါဖြစ်သည်။

(အင်တာနက်ဓာတ်ပုံ)

သူ့အတွေးနှင့်အမြင်

If you don't know how to live, why wonder about death?

သင်သည် မည်သို့အသက်ရှင် နေထိုင်ရမည်ကို မသိရှိခဲ့ပါက သေခြင်းတရားကိုလည်း ဆင်ခြင်တွေးတောရန် မလိုတော့ပါပေ။

ကွန်ဖြူးရှပ်စ်
(တရုတ်အတွေးအခေါ် ပညာရှင်)

There is danger in reckless change; but greater danger in blind conservatism.

နမော်နမဲ့နိုင်သော လုပ်ဆောင်မှု မှန်သမျှ၌ အန္တရာယ် ရှိနိုင်သည်။ သို့သော် ဆင်ကန်းတောတိုးလုပ်ဆောင် ခြင်းက ပို၍ကြီးမားသော အန္တရာယ် ဖြစ်ပေါ်စေသည်။

ဟင်နရီဂျော့ချ်
(အမေရိကန်လူမျိုး နိုင်ငံရေးဘောဂဗေဒပညာရှင်)

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင် တင်မာဝင်းနှင့် အေးသန္တာသိန်း

ပုလဲမြို့နယ်ပြန်/ဆက် ဝန်ထမ်းများ စာဖတ်ဝိုင်းပွဲ ဆွေးနွေး

ပုလဲ အောက်တိုဘာ ၁၈

ပုလဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ဝန်ထမ်းများစာဖတ်ဝိုင်းကို အောက်တိုဘာ ၆ရက်က ပုလဲမြို့နယ်ရုံး၌ ကျင်းပသည်။

စာဖတ်ဝိုင်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းစာအုပ်ပါ အခန်း(၂) နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံအခန်းကို ဓာတ်ပုံကျွမ်းကျင်(၂) ဦးစောဝင်းက လည်းကောင်း၊ ကျော်မင်းလူ (ရွှေပြည်သာ) ၏ နိုင်ငံရဲ့အနာဂတ်ပျောက်သွားမှာကို စိုးရိမ်မိပါတယ် ဆောင်းပါးကို ရုပ်သံကျွမ်းကျင်(၃) ဒေါ်သင်းသင်းနွယ်က လည်းကောင်း ဖတ်ကြားကြပြီး မြို့နယ်ဦးစီးမှူး ဦးဆန်းမြင့်က ပြန်လည်ရှင်းလင်း ဆွေးနွေးသည်။ **(မြို့နယ် ပြန်/ဆက်)**

တံတားပြုပြင်

မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ကုန်သည်တန်းတံတားပြုပြင်တည်ဆောက်ခြင်းကို အောက်တိုဘာ ၁၀ ရက်က အမှုဆောင်အရာရှိ ဦးဦးချစ်မောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းကျော်တို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးလုပ်ငန်းများအတွက် ကျိုက်ထီးရိုးလမ်းဆုံ လမ်းလယ်ကျွန်းမြေယာရှုခင်းတွင် ပေါင်းမြက်များရှင်းလင်းခြင်းနှင့် ပန်းအလှပင်များ စိုက်ပျိုးခြင်းကို အဖွဲ့ဝန်ထမ်းများဖြင့် စုပေါင်းဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးနေထက်ရှိန် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်သော မြို့ပြရေပေးရေးလုပ်ငန်းမှ ဒိုက်ဦးမြို့မဈေး ဂါလန် ၂၅၀၀ဆံ့ သံကူကွန်ကရစ်ရေစင်ဆောင်ရွက်မှုအခြေအနေကို ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိဦးတင်ဦးလေးနှင့်တာဝန်ခံအင်ဂျင်နီယာ ဦးထက်အောင်ခန့်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပြည်မြို့ အမှတ်(၁)အထက်တန်းကျောင်း အာစရိယပူဇော်ပွဲ ကျင်းပမည်

ပြည် အောက်တိုဘာ ၂၂

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသားကျောင်းသူဟောင်းများ၏ (၃၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၂ရက်(တန်ဆောင်မုန်းလပြည့်နေ့)နံနက် ၇နာရီတွင် အဆိုပါကျောင်း အောင်သော်ခန်းမ၌ ကျင်းပမည်ဖြစ်သည့်အတွက် အနားယူသွားကြသော သက်ပြည့် ဆရာကြီး ဆရာမကြီးများ ကန်တော့ခံကြွရောက်ပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန် ဖိတ်ကြားနိုးဆော်ထားသည်။

ဆက်သွယ်လှူဒါန်းနိုင်

ကုသိုလ်ပါဝင်လှူဒါန်းလိုကြသော ကျောင်းသား ကျောင်းသူဟောင်းများသည် အလှူငွေများကို ဦးစောမြင့် ဖုန်း-၀၅၃-၂၁၅၇၀၊ ဦးတင်ဌေး ဖုန်း-၀၅၃-၂၄၁၁၈၊ ဦးကြည်စိုးဦး ဖုန်း-၀၅၃-၂၆၃၉၈၊၀၉-၅၃-၁၃၁၀၄၊ ဦးအောင်လင်းစိုး ဖုန်း-၀၅၃-၅၅၄၅၁၊ ဦးတင်ဝင်း ဖုန်း-၀၅၃-၂၁၂၀၃၊ ဦးမောင်မောင်ကြည် ဖုန်း-၀၁-၂၅၄၇၈၂၊ ဒေါက်တာထိန်ဝင်း ဖုန်း-၀၁-၂၅၄၈၅၁နှင့် ဦးခင်မောင်နီ ဖုန်း-၀၁-၂၈၁၁၄၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၀၅၇)

မိုင်းရယ် အထက(ခွဲ) ပညာရည်ချွန်ဆုချီးမြှင့်

မိုင်းရယ် အောက်တိုဘာ ၁၇

လားရှိုးခရိုင် မိုင်းရယ်မြို့နယ် မန့်စန်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို စက်တင်ဘာ ၁၂ရက်က အထက(ခွဲ)မန့်စန်ကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျေးရွာဥက္ကဋ္ဌ ဦးစိုင်းရွှေလူနှင့် မြို့နယ်ပညာရေးမှူး ဦးမျိုးမြင့်တို့က အမှာစကား ပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ကြိုင်က ကျောင်းသမိုင်းကိုရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ၂၀၀၇-၂၀၀၈ပညာသင်နှစ်တွင် ဆုရရှိကြသော ထူးချွန်ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြဝတီမြို့ ပြည်သူ့ဆေးရုံဝင်း အတွင်းသန့်ရှင်းရေးဆောင်ရွက်မှုကို စက်တင်ဘာ ၂၀ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးလူနှင့် အမှုဆောင်အရာရှိ ဦးခင်မောင်သန်းတို့ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး တာချီလိတ်မြို့နယ်၌ ဆွေးနွေး

တာချီလိတ် အောက်တိုဘာ ၁၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးစိုးနှင့် နေပြည်တော်ရုံးချုပ်မှ ဦးစီးအရာရှိ ဦးကျော်ဆင့်တို့သည် ခရိုင်ဦးစီးအရာရှိ ဦးမောင်ကြည်၊ ဦးစီးမှူး ဦးလှဌေးတို့နှင့်အတူ စက်တင်ဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီက တာချီလိတ်မြို့နယ်အတွင်းရှိ ခိုင်မာရှင်သန် ဆောင်ရွက်ပြီးသော ကျေးရွာစာကြည့်တိုက်များကို ကွင်းဆင်းကြည့်ရှု စစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် မိုင်းဖုန်း (ခ)ကျေးရွာအုပ်စု ဟွေလေလန် ကျေးရွာ ပညာ့အလင်းစာကြည့်တိုက်၊ ဟောင်လိတ်ကျေးရွာအုပ်စု ဝမ်လုံးကျေးရွာ နှလုံးလှစာကြည့်တိုက်၊ တော်ကော့(အတွင်း) အနန္တ စာကြည့်တိုက်၊ ပါလှံ-၂ ငွေလရောင် စာကြည့်တိုက်များသို့ သွားရောက်ပြီး ကျေးရွာစာကြည့်တိုက်ကော်မတီဝင်များအား စာကြည့်တိုက်များ ဆက်လက်ရှင်သန်ခိုင်မာရေး၊ ပရိဘောဂများ ထပ်မံဖြည့်ဆည်းရေး၊ စာဖတ်သူများ တိုးပွားရေးနှင့် စာအုပ်စာစောင်များ စနစ်တကျထိန်းသိမ်းရေးတို့ကို ဆွေးနွေး မှာကြားကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

စာဖတ်ရှုန်မြှင့်တင်ရေး ပလိပ်မြို့၌ ဟောပြော

စဉ့်ကိုင် အောက်တိုဘာ ၁၂

စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပလိပ်မြို့ အခြေခံပညာ အထက်တန်းကျောင်းတို့ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများ အသိပညာ ဗဟုသုတ တိုးပွားစေရေး နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာဖတ်ရှုန်မြှင့်တင်ရေးဟောပြောပွဲ အခမ်းအနားကို အောက်တိုဘာ၂ရက် မွန်းလွဲ ၁နာရီက အဆိုပါကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မင်းကင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ဇီးကုန်းကျေးရွာ နှစ်လက်မ စက်ရေတွင်း တူးဖော်မှုကို အမှုဆောင်အရာရှိ ဦးကျော်ထင်မောင်မောင် ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ပုဏ္ဏားကျွန်းမြို့၌ ဈေးသန့်ရှင်းရေး ဆောင်ရွက်

ပုဏ္ဏားကျွန်းမြို့ အောက်တိုဘာ ၁၂

ပုဏ္ဏားကျွန်းမြို့ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများသည် ဈေးအတွင်းရှိ သား၊ ငါးဈေးတန်းများ ယင်လုံဆန်ခါဖြင့် ရောင်းချရေးနှင့် အစဉ်သန့်ရှင်းနေစေရေး အမြဲမပြတ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၉ ရက်က ဈေးခေါင်း(၄) ဦးကျော်သန်း ဦးစီးဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်ဆန်း ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေး ခန္တီး၌ အလုပ်ရုံဆွေးနွေး

ခန္တီး အောက်တိုဘာ ၁၂

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမြင့်သိန်းစိုးသည် မြို့နယ်တရားသူကြီး ဦးဌေးလွင်၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်စံလှတို့နှင့်အတူ စက်တင်ဘာ ၂၈ရက်က ခန္တီးမြို့နယ် ဆင်သေကျေးရွာအုပ်စုသို့ ရောက်ရှိပြီး ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံ၍ အုပ်စုလုံးကျွတ် စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပသည်။

ပြောကြား

ရှေးဦးစွာ မြို့နယ်ဦးစီးမှူး ဦးမြင့်သိန်းစိုးက ဆင်သေကျေးရွာအုပ်စု ခိုင်မာစာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးနှင့် ပတ်သက်သည်များကို ပြောကြားသည်။

ထို့နောက်ဆင်သေကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးသန်းမောင်က ဆောက်လုပ်လျက်ရှိသော စာကြည့်တိုက်များနှင့် ဆောက်လုပ်ပြီးစီးနေသည့်စာကြည့်တိုက်များ၏အခြေအနေများကိုရှင်းလင်းတင်ပြရာ မြို့နယ်ဦးစီးမှူး ဦးမြင့်သိန်းစိုးက လိုအပ်သည်များကို မှာကြားသည်။ **(ခရိုင် ပြန်/ဆက်)**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့တွင် စည်းကမ်းမဲ့စွန့်ပစ်အမှိုက်များမရှိစေရေးအတွက် အောက်တိုဘာ ၇ ရက်က နမ့်စန်-မိုးနဲလမ်းမကြီးဝဲယာတစ်လျှောက်တွင် အမှုဆောင်အရာရှိ ဦးမောင်မောင်အေး ကြီးကြပ်မှုဖြင့် အဖွဲ့ဝန်ထမ်းများ သန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ရေမြောင်းတူးဖော်

မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တောင်တွင်းလမ်းဘေးဝဲယာ ရေစီးရေလာကောင်းမွန်ရေးအတွက် ဘိုးဘွားရိပ်သာရှေ့ ရေမြောင်းတူးဖော် ဆောင်ရွက်မှုကို အောက်တိုဘာ ၁ ရက်က အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးကျော်ခိုင်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

နတ်ရေကန်တောင်နှင့် ပုပ္ပားတောင်ဥယျာဉ်ဒေသ၌ လက်ဖက်စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်မည်

နေပြည်တော် အောက်တိုဘာ ၂၂

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ မြန်မာနိုင်ငံအလယ်ပိုင်းတွင် လက်ဖက်စိုက်ပျိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် တာဝန်ရှိသူများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များလိုက်ပါလျက် အောက်တိုဘာ ၁၈ရက်နှင့် ၁၉ရက်တို့တွင် မကွေးတိုင်း မင်းဘူးခရိုင် ငဖဲမြို့နယ် နတ်ရေကန်တောင်ဒေသနှင့် မန္တလေးတိုင်း မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ဥယျာဉ်ဒေသများသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ◆

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ဥယျာဉ်ဒေသရှိ လက်ဖက်စံပြစိုက်ခင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သစ်တော)

တွေ့ဆုံမေးမြန်းသူ-မြင့်မောင်စိုး
ဓာတ်ပုံမှတ်တမ်း
သိန်းဝင်းလေး(မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု
ဝင်းချို(မြန်မာ့အလင်း)

တိုးတက်ပြောင်းလဲနေသည့် ကွန်ပျူတာခေတ်နှင့်အညီ ဟာ့ဒ်ဝဲလ်ပိုင်းကျွမ်းကျင်စွာ အသုံးပြုနိုင်ရန်အရေးကြီး

ရန်ကုန် အောက်တိုဘာ ၂၂

အိုင်တီနည်းပညာရပ်သည် ကမ္ဘာတစ်ဝန်းအချိန်နှင့်တစ်ပြေးညီ တိုးတက်ပြောင်းလဲနေခြင်းကြောင့် ယနေ့ လူငယ်လူရွယ်များအနေဖြင့် အိုင်တီနည်းပညာလောကတွင် ကမ္ဘာနှင့်အညီ အမီလိုက်နိုင်ရန်အတွက် လေ့လာမှုနှုန်းကို မြှင့်တင်ကြိုးစားရမည့် အချိန်အခါသို့ ရောက်ရှိလာပေပြီ။

စာမျက်နှာ ၅ ကော်လံ ၁ ●

Notebook ကွန်ပျူတာများ

ယနေ့ အိုင်တီကမ္ဘာတွင် အရေးပါလာသော Notebook ကွန်ပျူတာများ။

မြန်မာ့အလင်း အာကာသသိပ္ပံ အထူးသတင်း

ပထမဆုံး လစူးစမ်းအာကာသယာဉ် အိန္ဒိယနိုင်ငံ အောင်မြင်စွာလွှတ်တင်

မွန်ဘိုင်း အောက်တိုဘာ ၂၂

အိန္ဒိယနိုင်ငံ၏ ပထမဆုံးသော လစူးစမ်း အာကာသယာဉ် ချန္ဒရာယန်း-၁ကို အန်ဒရာပရာဒေ့ရှ်ပြည်နယ် တောင်ပိုင်း ဆရီဟာရီကော့မှ ဒေသစံတော်ချိန် နံနက်၆နာရီ မိနစ်၂၀တွင် အောင်မြင်စွာ လွှတ်တင်လိုက်သည်။

ချန္ဒရာယန်း-၁ အာကာသယာဉ်နှင့်အတူ သိပ္ပံဆိုင်ရာ ကိရိယာ ၁၁ခု

စာမျက်နှာ ၅ ကော်လံ ၅ ❍

လူ့စွမ်းအားအရင်းအမြစ်များ ပြည့်ပြည့်ဝဝဖြစ်ထွန်းရေး ပညာရေးကဏ္ဍ၌ ပါဝင်စွမ်းဆောင်နေသော မြိတ်တက္ကသိုလ်

သတင်းမှတ်စု
နုနုရီနှင့် အေးသန္တာသိန်း
ဓာတ်ပုံမှတ်တမ်း
မြန်မာ့အလင်း
စာမျက်နှာဖွဲ့စည်းမှု
ဇော်ထွန်းဦး (မြန်မာ့အလင်း)

ရန်ကုန် အောက်တိုဘာ ၂၂

ပြည်ထောင်စုတစ်ဝန်း ပညာတတ်များပေါများပြီး ကျန်းမာကြံ့ခိုင်သော လူ့စွမ်းအားအရင်းအမြစ်များ ပြည့်ပြည့်ဝဝဖြစ်ထွန်းရေးအတွက် ပညာရေးကဏ္ဍ၌ လိုအပ်သော အခြေခံကောင်းများကို နိုင်ငံတော်က ရင်းနှီးမြှုပ်နှံတည်ဆောက်ပေးလျက်ရှိသည်။ တနင်္သာရီတိုင်းတွင် ယခင်က အခြေခံပညာကျောင်းပေါင်း ၉၆၂ကျောင်းရှိခဲ့ရာမှ ယခု ၁၁၃၇ ကျောင်းအထိ တိုးတက်လာခဲ့ပြီး ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်နှစ်ခု၊ နည်းပညာတက္ကသိုလ်နှစ်ခု၊ ကွန်ပျူတာတက္ကသိုလ်နှစ်ခုနှင့် ပညာရေးကောလိပ်တစ်ခု စသည်ဖြင့် အဆင့်မြင့်ပညာကျောင်းများကိုလည်း တိုးချဲ့မြှင့်တင်ပေးထားပြီး ဖြစ်ပေသည်။

စာမျက်နှာ ၈ ကော်လံ ၅ ■